
www.dhammadownload.com




ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ယောဂီများအတွက်အလုပ်စဉ်

(၂၂-၆-၆၀)

၂၇

www.dhammadownload.com

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂ ၊ နတ်မောက်လမ်း ၊ ရန်ကုန်မြို့
တွင်ရနိုင်ပါသည် ။
ဖုန်း – ၅၄၁၈၆၀

( မိုးကုတ်ယောဂီများအတွက်သာ )

www.dhammadownload.com

ကျေးရူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ယောဂီများအတွက် အလုပ်စဉ်

(၂၂-၆-၆၀)

www.dhammadownload.com



ကျေးရှူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ယောဂီများအတွက် အလုပ်စဉ်

(၂၂-၆-၁၉၆၀)

ဝိဇ္ဇာဥဒပါဒိဖြစ်မှ သောတာပတ္တိမဂ်ရတယ်လို့ ဒကာ-ဒကာမတွေက မှတ်ရမယ်. . (မှန်ပါ)။ ဝိဇ္ဇာ- ဝိဇ္ဇာသည်၊ ဥဒပါဒိ-ဖြစ်ပေါ်လာ၏လို့ - ဓမ္မစကြာမှာ လာသောကြောင့် ဝိဇ္ဇာဖြစ်တယ်ဆိုလို့ရှိရင် အားလုံး ဒကာ - ဒကာမတွေ မှတ်စရာက ခြေဘ် - နိဗ္ဗာန်မြင်တာကိုးလို့သာ မှတ်လိုက်ကြပါ. . (မှန်ပါ)။

## ဝိဇ္ဇာဖြစ်တယ်ဆိုတာ နိဗ္ဗာန်မြင်တာ

ဝိဇ္ဇာဖြစ်တယ်ဆိုတာ ဘာပါလိမ့်. . (နိဗ္ဗာန်မြင်တာပါ ဘုရား)။ နိဗ္ဗာန်မြင်တာလို့ မှတ်ထားလိုက်ရင် ရှင်းနေတာပဲ. . (မှန်ပါ)။

အဲဒီဝိဇ္ဇာဖြစ်ဖို့ အရေးဟာက ဒီဝိဇ္ဇာ ပေါ်ဖို့ရာမှာ

www.dhammadownload.com



အဝိဇ္ဇာက အုပ်ချုပ်ဖုံးလွှမ်းနေတာက ဘယ်နှထပ်မှန်းမသိလို့ ရှိရင် ခက်နေမှာစိုးတဲ့အတွက် သူ့အစဉ်အလိုက် ခွဲရမယ်ဆိုတာကို ဒကာ-ဒကာမတွေ သိနှင့်ထားမှ ဩော်- ငါသည် တစ်ထပ်ခွာပြီးပြီ၊ နှစ်ထပ်ခွာပြီးပြီ၊ သုံးထပ်ခွာပြီးပြီ၊ လေးထပ်ထဲရောက်နေပြီ၊ နီးပေ့ါပဲဆိုတာ နိဗ္ဗာန်သွားတာလဲ သူ့မှတ်တိုင်နဲ့သူသွားမှသာလျှင် ခရီးပေါက်နိုင်တယ်ဆိုတာ မှတ်ထားကြပါ. . (မှန်ပါ)။

ကိုစောမောင် ရမ်းသွားလို့ဘယ့်နှယ်တုံး. . (မရပါဘူး)။ သပိတ်ကျင်းက ဒီကိုလာတယ်ဆိုရင် ဒကာ- ဒကာမတို့ ဩော်- ဘယ်နှမိုင်ရောက်ပြီ၊ ဘယ်နှမိုင်ရောက်ပြီ- မိုးကုတ်ကို မိုင်ခြောက်ဆယ်ဝေးတယ်ဆိုတော့ ဘယ်လောက်သာ ကျန်တော့တယ်ဆိုတော့ သွားရတဲ့ပုဂ္ဂိုလ်ဟာလဲ အားအင် ဗလလဲ ရှိပါတယ်၊ ရောက်မယ် မရောက်ဘူးဆိုတာလဲ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချနိုင်ကြသလို ဒီမှာလဲ ဒကာ ဒကာမတို့ မင်္ဂလာ တည်းဟူသော ဝိဇ္ဇာပေါ်မှာ အဝိဇ္ဇာ ငါးချက်အုပ်ထားတော့ ပထမအထပ်ခွာပြီးလို့ရှိရင် လေးထပ်သာ ကျန်တော့သဟ- ဒုတိယအထပ်ပါခွာလိုက်လို့ရှိရင် သုံးထပ်သာ ကျန်တော့သဟ၊ တတိယထပ်ကို ခွာလိုက်ပြန်ရင်လဲ နှစ်ထပ်သာ ကျန်တော့သဟ- ဆိုတော့ ဒကာ- ဒကာမတွေ မှန်းခြေရှိတယ်နော်. . (မှန်

www.dhammadownload.com



ပါ)။

ဝိပဿနာလုပ်ဟယ် လုပ်ဟယ်ဆိုလို့ လုပ်ပြီး သကာလ နေပြောသော်လည်း ကိုစောမောင် မှန်းခြေမပါလို့ရှိရင် ဘယ်တော့များ ဘာဖြစ်မှာပါလိမ့်မတုံး- ဒီလိုတွေးနေလို့ရှိရင် မလွဲပေဘူးလား. . (လွဲပါတယ် ဘုရား)။ အဲဒီတော့ ဘယ်တော့ ဘာဖြစ်မှန်းမသိဘူး၊ ပါရမီဖြစ်အောင်လုပ်ရတာပဲလို့၊ ဟော- ပါရမီဘက်သွားပြီး ထိုင်တတ်တယ်. . (မှန်ပါ)။ ပါရမီဘက်သွားပြီး မထိုင်ပါနဲ့လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို သတိပေးလိုက်ပါတယ်။ သူ့အထပ် သူကွာလို့ရှိရင် ဒကာ- ဒကာမတို့သည် ဥပမာမယ် ကမ္မဿကတာဉာဏ် ဗုဒ္ဓဘာသာမှာ ရှိပြီးသားပဲ၊ ဒီတော့ ခွာမနေနဲ့တော့ မောင်နိုင် ကွာပြီးသား. . (မှန်ပါ)။ ဩော်- ခန္ဓာကိုယ်ထဲမှာ နာမ်နဲ့ရုပ်ပဲ ရှိတာပဲ သိနေလို့ ရှိရင်လဲ ဒါ နောက်ထပ် ခွာမနေနဲ့တော့ ကိုစောမောင်၊ ဒါဟာ အပိုပဲ. . (မှန်ပါ)။ နှစ်ထပ် ကွာသွားပြီနော်. . (မှန်ပါ)။

## ပဋိစ္စသမုပ္ပါဒ်သိရင် သုံးထပ်ကွာပြီ

ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ဘယ်အချိန်မှာ ဘာပဲပေါ် ပေါ် ပဋိစ္စသမုပ္ပါဒ်တွေ ပါကလားလို့ သိနေပြန်လို့ရှိရင်လဲ သုံး

www.dhammadownload.com



ထပ်ကွာသွားတာပဲ ဒကာ- ဒကာမတို့၊ ဒါနောက်ထပ် လုပ်နေဖို့ လိုသေးသလား. . (မလိုပါဘူး ဘုရား)။

အဲဒီတော့ ဩော်- သုံးထပ်ကွာပြီးပြီ။ ဖြစ်ပျက်ကို မြင်ပါပြီ။ တပည့်တော်တို့ဖြင့် ဖြစ်တာကလေးတွေ၊ ပျက်တာကလေးတွေ၊ ခန္ဓာကိုယ်ထဲမှာ ကြည့်လိုက်တဲ့အခါကျတော့ ရုပ်ရှုတဲ့ပုဂ္ဂိုလ်ဟာ ရုပ်ဖြစ်ပျက်မြင်တယ်၊ နာမ်ရှုတဲ့ ပုဂ္ဂိုလ်ဟာ နာမ်ဖြစ်ပျက်မြင်တယ်၊ နောက်ဆုံးပိတ် တစ်နေ့ကျတော့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်မြင်တယ်ဆိုလို့ရှိရင်ပဲ လေးထပ်ကွာနေပြီလို့ မှတ်ရမယ်. . (မှန်ပါ)။

## ဘယ်ကစပြီး လုပ်ရမှာတုံး

ဒါဖြင့် တပည့်တော်တို့သည်ကားလို့ဆိုရင် အခုတရားနာနေတာ ကြာပြီ၊ လုပ်လဲလုပ်နေပါပြီ၊ တပည့်တော်တို့ ဘယ်ကစပြီး လုပ်ရမှာတုံးလို့ မေးလို့ရှိရင် ဒကာ- ဒကာမတွေ ၁-တွေ ၂-တွေ ၃-တွေ လုပ်မနေနဲ့တော့၊ ၄-နံပါတ်ကသာစပြီးလုပ်. . (မှန်ပါ)။ ဒီ ဒကာ- ဒကာမတွေကျတော့ ၄-နံပါတ်ကသာ စပြီး လုပ်ပါလို့ ဘုန်းကြီးများက တိုက်တွန်းတယ်နော်. . (မှန်ပါ)။

www.dhammadownload.com



## နာမ်နဲ့ရုပ် အထူးခွဲစရာမလို

ဘယ်နှစ်နံပါတ်က စလုပ်ရမလဲ. . (၄-နံပါတ်က စလုပ်ရပါမယ်)။ ၄-နံပါတ်က စလုပ်၊ ဖြစ်ပျက်ကသာ စပြီးလုပ်ပါ။ ဟိုဟာတွေက ၁-နံပါတ်ဟာ ခင်ဗျားတို့ မိဘရိုးရာကပင်နားလည်ခဲ့ပါတယ်. . (မှန်ပါ)။ ဗုဒ္ဓဘာသာ သာ မှန်က မိဘရိုးရာက နားလည်ခဲ့တယ်. . (မှန်ပါ)။ ကမ္မဿကတဉာဏ်ရပြီးသား မနေဘူးလား. . (နေပါတယ် ဘုရား)။ ၂-နံပါတ်ကျတော့ ဆရာဘုန်းကြီးက သွားချင်တာက နာမ်၊ သွားတာက ရုပ်ဟော့- စားချင်တာက နာမ်၊ စားတာက ရုပ်ဟော့ဆိုတော့ ဘာပဲလုပ်ချင်လုပ်ချင် လုပ်ချင်တာ နာမ်၊ လုပ်တာက ရုပ်ချည့် မှတ်လိုက်လို့ရှိရင် ဒါ အထူးခွဲပြီး သကာလနေဖို့ မောင်နိုင်တို့ လိုသေးသလား. . (မလိုပါဘူး)။ မလိုတော့ ဒီဟာကစပြီး လုပ်မနေနဲ့ ကိုစောမောင်၊ မှားလိမ့်မယ်. . (မှန်ပါ)။

ကိုယ်ကျင်လည်ပြီးသားနေရာကနေပြီး ဒကာ - ဒကာမတွေ အထူးတလည်ဘာမှ အပြင်အဆင်မရှိပါနဲ့ဆိုတာကိုလဲ သတိပေးလိုက်ပါတယ်. . (မှန်ပါ)။

ဒါဖြင့် ဘုရား တပည့်တော်တို့ ဘယ်ကစလုပ်ရမှာတုံး ဆိုတော့- ဒကာ- ဒကာမတို့ ဆရာခွာပေးတာက သုံးချက်ပြီးပါ

www.dhammadownload.com



ပြီ. . (မှန်ပါ)။ ကိုယ်တိုင်ခွာရမှာက တစ်ချက်တည်းပါ. . (မှန်ပါ)။ ၄-နံပါတ်ကတော့ ကိုယ်တိုင် ခွာရမယ်- (မှန်ပါ)။ ၄-နံပါတ် အဝိဇ္ဇာဖုံးနေတာတော့ဖြင့် မမြင်မြင်အောင် ရှုရလိမ့်မယ် ကိုစောမောင်. . (မှန်ပါ)။ မမြင်မြင်အောင် ရှုလိုက်လို့ ဖြစ်တာနဲ့ ပျက်တာကလေးတွေ မြင်နေပါပြီဆိုလို့ရှိရင် မလျှော့နဲ့တော့တဲ့၊ ဒီဒကာ ဒကာမတွေ ဖြစ်တာနဲ့ပျက်တာ ၄-နံပါတ် ရင့်ပြီဆိုလို့ရှိရင် ၅-နံပါတ်ဖြစ်တဲ့ ဝိဇ္ဇာဥဒပါဒိဖြစ်တော့မယ်။ (ဝါ) သောတာပတ္တိမဂ်ရတော့မယ်. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။ ရှင်းပြီနော်. . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သောတာပတ္တိမဂ်ရခြင်း၏ အကြောင်းသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ယနေ့ထူးထူးလည်လည်ပြောရမှာက ဒကာဒကာမတို့၊ ၄-နံပါတ်ရင့်ကျက်ဖို့ အရေးကြီးတယ် (မှန်ပါ)။

## ၄-နံပါတ် ရင့်ကျက်ဖို့အရေးကြီးတယ်

ဘာပါလိမ့် ဒကာ- ဒကာမတို့ (၄-နံပါတ်ရင့်ကျက်ဖို့ အရေးကြီးပါတယ် ဘုရား)။ ၄-နံပါတ် ရင့်ကျက်ဖို့ အထူးတလည် အရေးကြီးတယ်လို့ မှတ်ပါ. . (မှန်ပါ)။

၄-နံပါတ် ရင့်ကျက်ဖို့ဆိုတဲ့ ဥစ္စာက ဘယ်လို ရင့်ကျက်

www.dhammadownload.com



တာသိရမှာတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ဝါးလုံးနှစ်လုံးကို ရှေးကတော့ မီးခြစ်က မရှိသေးတော့ စာတွေထဲမှာ ဥပမာပြ ထားတာ ပါတယ်နော်. . (မှန်ပါ)။ ဝါးနှစ်လုံးကို မောင်နိုင်က အားကောင်းကောင်းနဲ့ ဘယ်ဘက်ကတစ်လုံး ကိုင်၊ ညာဘက်က တစ်လုံးကိုင်ပြီး တိုက်နိုင်သလောက် တိုက်လို့ရှိရင် ပထမတော့ ဘယ်လိုမှ မီးမထွက်ဘူး. . (မှန်ပါ)။ ထွက်ပါ့မလား. . (မထွက် ပါဘူး)။ မထွက်သေးတော့ ဘာထွက်မလဲလို့ မေးတဲ့အခါ ပထမ တော့ အအေးဓာတ်ကနေပြီး အပူဓာတ်တော့ ကိုစောမောင် ပြောင်းရမယ် (ပြောင်းသွားပါတယ် ဘုရား)။

အပူဓာတ်ပြောင်းလာတဲ့တစ်နေ့ကျလို့ရှိရင် သြော် မီးထွက်ဖို့ နိမိတ်တော့ မသေချာသေးဘူးလား. . (သေချာပါ တယ် ဘုရား)။

ဒါဖြင့် ပူတာပဲ ဝါးနှစ်လုံးစလုံး ပူနေပြီ။ ပူပေမယ့်လဲ ကိုစံလှတို့ ကြိုးစားပြီး ပွတ်ပါအုံးလို့ဆိုလို့ရှိရင် မီးတော့ ထွက် လာမှာပဲ။ မထွက်ပေဘူးလား (ထွက်လာမှာပါ ဘုရား)။

ဒါဖြင့် မီးထွက်မှု၊ မထွက်မှုသည် ဒကာ ဒကာမတို့ ပွတ် သော ပုဂ္ဂိုလ်၏ လုံ့လဝီရိယပေါ်မှာ မှီနေတယ်ဆိုလို့ရှိရင်လဲ လွဲပါ့မလား. . (မလွဲပါဘူး)။

www.dhammadownload.com



## မီးမထွက်ခင် ပွတ်နေတာနဲ့ တူတယ်

ဒါကြောင့် ၄-နံပါတ်သည် ဒကာ ဒကာမတို့ မီးမထွက်ခင် ပွတ်နေတာနဲ့ တူတယ်နော်. . (မှန်ပါ)။ ၅-နံပါတ်သည် မီးပွင့်လာတာနဲ့ တူပါတယ်. . (မှန်ပါတယ်)။ ဒီတော့ ၄-နံပါတ် မပါဘဲနဲ့ ၅-နံပါတ်လိုရာခရီးကိုတော့ မရောက်နိုင်ဘူး. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။

၄-နံပါတ်မပါဘဲနဲ့. . (၅-နံပါတ်လိုရာခရီး မရောက်ပါဘူး)။ ပူမှ မပူ ပွတ်မှမပွတ်ဘဲနဲ့တော့ မီးထွက်လာနိုင်ပါ့မလား ဆိုတာ ဒကာ ဒကာမတွေပဲ စဉ်းစားပါ. . (မထွက်နိုင်ပါဘူး ဘုရား)။

ဒါက ဥပမာပြတာ။ ဒီဥပမာကို နာမရူပ ပရိစ္ဆေဒကျမ်း စသည်မှာ ဖော်ပြထားပါတယ်. . (မှန်ပါ)။ အဲဒီနာမရူပ ပရိစ္ဆေဒ ကျမ်းမှာပဲ ကိုစောမောင် လာပြန်တယ်။

ပရိပက္ကာ ကမေနေဝ၊ ပရိဘာဝိတ ဘာဝနာ

ပရိစ္စဇန္တိသင်္ခါရေ၊ ပက္ခန္ဒတိ အသင်္ခတေ. . လို့ လာပြန်တယ်။ ဧဝံ- ဤသို့။ ကမေန- အစဉ်အားဖြင့်၊ ပရိပက္ကာ - ရင့်အောင်လုပ်ပါတဲ့. . (မှန်ပါ)။ ဖြစ်ပျက်ကလေးတွေကို မြင်သည်ထက် မြင်အောင်၊ စိပ်သည်ထက်စိပ်အောင် ကြည့်ပေးပါ. .

www.dhammadownload.com



(မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။

## ဖြစ်ပျက်ကို စိပ်သည်ထက် စိပ်အောင်လုပ်

ဖြစ်ပျက်ကလေးကို (မြင်သည်ထက်မြင်အောင်လုပ်ပါမယ် ဘုရား)။ မြင်သည်ထက် မြင်အောင်၊ စိပ်သည်ထက် စိပ်အောင် မောင်နိုင်တို့ အားလုံးတရားနာတဲ့ ဒကာ၊ ဒကာမတွေ ကြည့်ပေးစမ်းပါ. . (မှန်ပါ)။

ပရိဘာဝိတ ဘာဝနာတဲ့ ဒီဟာကလေးကြည့်ပါများလို့ ပွားများပြီး သကာလ နေရတာ ကိုစောမောင်ကြည့်ပါများလာလိမ့်မယ်. . (မှန်ပါ)။ အဲဒီကျလာတော့ မြင်တဲ့ဉာဏ်ကလေးဟာ ပထမတော့ ဖြစ်ပျက်မြင်လာရာက ပရိစ္ဆေဒဉ္ဇိသခါရေတဲ့။ နောက်ကျတော့ ဖြစ်ပျက်ကလေးတွေကို ဒီဉာဏ်က စွန့်သွားလိမ့်မယ်တဲ့. . (မှန်ပါ)။ ရှုနေတဲ့ဉာဏ်က ဖြစ်ပျက်ကို စွန့်လိမ့်မယ်. . (မှန်ပါ)။ သဘောကျပြီလား. (ကျပါပြီ)။

## ရှုတဲ့ဉာဏ်က နိဗ္ဗာန်ဘက်ပြေးဝင်တယ်

ရှုတဲ့ဉာဏ်ကဖြစ်ပျက်စွန့်ပြီး သူသည် ဘယ်ဘက်ကို ပြေးဝင်သွားလိမ့်မလဲလို့ မေးဖို့ မလိုဘူးလား. . (လိုပါတယ်)။

www.dhammadownload.com



ရှုရင်း ရှုရင်းနဲ့ ဖြစ်ပျက်ကိုလဲ စွန့်ပါရော ကိုစောမောင် ပက္ခန္ဒတိ အသန်တေ တဲ့။ အသန်တေ အသန်တေ ခာတ် နိဗ္ဗာန်မြတ်ဒ္ဓြ၊ ပက္ခန္ဒတိ သူဟာ ပြေးဝင်သွား၏တဲ့. . (မှန်ပါ)။ ပထမတော့ဖြင့် သူဖြစ်ပျက်ပေါ်မှာပဲ နေပါတယ်တဲ့ ရှုတဲ့ဉာဏ်ကလေးဟာ (မှန်ပါ)။ ရင့်ကျက်တယ် မရင့်ကျက်ဘူးဆိုတာလဲ ဖြစ်ပျက်ပေါ်မှာပဲ ဉာဏ်ကလေးက စိုက်ခနဲ စိုက်ခနဲနဲ့ သွားနေလို့ရှိရင် ဒါဟာ ရင့်ကျက်နေပြီသာ မှတ်ပါတော့. . (မှန်ပါ)။

## ဖြစ်ပျက်နဲ့ဉာဏ်နဲ့တည့်နေရင်

ရင့်ကျက်နေတုန်းကို ဘုန်းကြီးတို့က ဒကာ ဒကာမတွေ မှာလိုက်ပါတယ်။ ဒီရင့်ကျက်နေတဲ့ဥစ္စာ ဖြစ်ပျက်နဲ့ဉာဏ်နဲ့ဟာ စိုက်ခနဲ စိုက်ခနဲ တည့်တည့်နေလို့ရှိရင် ကိုစောမောင် ဒီအချိန်မှာ ဘယ်ကိစ္စတွေ မဝင်ဘဲနဲ့သာလုပ်နေ။ ဖျတ်ဆိုတစ်ခါတည်း ဖြစ်ပျက်ကလေးကို ရှုနေတဲ့ ဉာဏ်ကလေးဟာ စွန့်သွားတယ်. . (မှန်ပါ)။ စွန့်သွားပြီး ဘယ်ဘက်ပြေးဝင်သွားသတုံးဆိုတော့ ပက္ခန္ဒတိ အသန်တေတဲ့။ အသန်တေ အသန်တခာတ် နိဗ္ဗာန်မြတ်ဘက်သို့၊ ပက္ခန္ဒတိ ပြေးဝင်သွားတယ်တဲ့. . (မှန်ပါ)။

ဒီဉာဏ်ကလေးဟာ ပထမတော့ ကိုစောမောင်ရေ ဖြစ်

www.dhammadownload.com



ပျက်ကလေးဘက်ချည်း လှည့်နေတယ်. . (မှန်ပါ)။ ဒါကလေးက ဖြစ်ပျက်နှစ်ခုထားပါ။ ဒါက နိဗ္ဗာန်ထားပါ. . (မှန်ပါ)။ ဒီအစိမ်းကလေးက နိဗ္ဗာန်နော်. . (မှန်ပါ)၊ ဒီက ယောဂီပုဂ္ဂိုလ်က ရှုနေတယ်. . (မှန်ပါ)။

ယောဂီပုဂ္ဂိုလ်ကရှုနေတော့ ခန္ဓာကိုယ်ထဲမှာက ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် ဒါချည့်တွေ့နေတယ်. . (မှန်ပါ)။ ဒါက ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၊ မောင်နိုင့် ဉာဏ်၊ ကိုစောမောင်တို့၏ ဉာဏ်၊ ဒါက ကိုယ့်ခန္ဓာဖြစ်ပျက်. . (မှန်ပါ)။

## ဒါကိုသာ ကြည့်နေပါ

ပထမတော့ ဒီလိုချည့်ပဲ နေတယ်။ ဒီလိုချည့်ပဲနေတော့ ဒကာ ဒကာမတွေက ဩော် ဒါတွေဟာ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နေတာပါကလား. . ဒါပဲ ဒါသာကြည့်နေ ဒီ့ပြင် ဘာမှမကြည့်နဲ့ မောင်နိုင်. . (မှန်ပါ)။

အားလုံး ဒကာ ဒကာမတွေ၊ ဒီနေ့တော့ အလုပ်စပြီ နော်. . (မှန်ပါ)။ ဖြစ်လိုက် ပျက်လိုက်ကိုသာ ကြည့်နေရမယ်၊ ဘယ်ဟာမှ မကြည့်ပါနဲ့. . (မှန်ပါ)။

ဉာဏ်က ဘယ်ဟာကိုကြည့်နေရမလဲ. . (ဖြစ်လိုက်

www.dhammadownload.com



ပျက်လိုက်ကိုသာ ကြည့်နေရမယ်)။ ခန္ဓာကိုယ်ထဲမှာ ရုပ်ကြည့်လဲ ဖြစ်ပျက်တွေ့တာပဲ၊ စိတ်ကြည့်လဲ ဖြစ်ပျက်တွေ့တာပဲ။ ဝေဒနာကြည့်လဲ ဖြစ်ပျက်တွေ့တာပဲ။ သစ္စာကြည့်လဲ ဖြစ်ပျက်တွေ့တာပဲ။ ဒီပြင်ဘာမှ တွေ့စရာမရှိဘူး ကိုစောမောင်။ ရှိတာက ဒါပဲ ရှိတာကိုးဗျ. . (မှန်ပါ)။

ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဉာဏ်က ရှိတာတွေ့မှာပဲ၊ မရှိတာတော့တွေ့ပါ့မလား။ (မတွေ့ပါဘူး)။ အဲဒီတော့ ပရိစ္ဆေဒဉာဏ်သင်္ခါရေတဲ့။ ဒီဉာဏ်ဟာ ဟောဒီဖြစ်ပျက်နှစ်ခုဟာ သင်္ခါရတရားနှစ်ခု. . (မှန်ပါ)။ အဲဒါကို စွန့်သွားတယ်။ ဉာဏ်ကစွန့်တယ်. . (မှန်ပါ)။ ပထမတော့ သူဒီဟာနဲ့ ဖြစ်ပျက်နဲ့ တည့်နေတယ်။ ဘယ်ဘက်သွားသတုံးဆိုတော့ ဒီဘက်စောင်းဝင်သွားတယ်။ ဒီဟာက နိဗ္ဗာန်လို့ ခုနင်ကပြောခဲ့တယ်. . (မှန်ပါ)။ ဒါကို စွန့်ပြီး ဒီဘက်ပြေးဝင်သွားတယ်တဲ့။ ဒီဉာဏ်ပဲ. . (မှန်ပါ)။

## နာမရူပ ပရိစ္ဆေဒ ကျမ်းကလာတယ်

ပထမဒီဉာဏ်ဟာ ဖြစ်ပျက်ပေါ်မှာတည့်နေတယ်. . (မှန်ပါ)။ နောက်ကျတော့ ဒီဉာဏ်ဟာ ဘယ်ဘက်ဝင်သွားသ

www.dhammadownload.com



တုံး. . (နိဗ္ဗာန်ဘက် ဝင်သွားပါတယ်)။ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ဘက် ဝင်သွားတယ်. . (မှန်ပါ)။

ဒါပါဠိကို နားထောင်ကြည့် ပရိစ္စဇန္တီသင်္ခါရေ။ သင်္ခါရေ ခုနင်က ရှုနေတဲ့သင်္ခါရ နှစ်ခုတို့ကို။ ပရိစ္စဇန္တီဆိုတာ စွန့်တယ်. . (မှန်ပါ)။ ဒီဉာဏ်က စွန့်သွားတယ် (မှန်ပါ)။

ဒကာ ဒကာမတို့ သေသေချာချာမှတ်ကြပါနော် ဉာဏ်က ဘာကိုစွန့်သွားသတုံး. . (သင်္ခါရကို စွန့်သွားပါတယ်)။ ဖြစ်ပျက်သင်္ခါရကို စွန့်သွားတယ်။ သဘောပါကြပြီလား. . (ပါပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဟာ အနီးကလေးပါလား. . (မှန်ပါ)။ ဒါဟာ နာမရူပ ပရိစ္ဆေဒကျမ်းကလာတဲ့ အဓိပ္ပာယ်ကိုယူပြီး ပြောပါတယ်. . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတွေ ၄-နံပါတ်မှာရှိတဲ့ အဝိဇ္ဇာက ဖြစ်ပျက်ကို ဖုံးထားတာကိုး. . (မှန်ပါ)။ ဖြစ်ပျက်ဖုံးထားတော့ ဖြစ်ပျက်မြင်တယ်ဆိုရင် ၄-နံပါတ် အဝိဇ္ဇာကွာသွားတယ်. . (မှန်ပါ)။

ဖြစ်ပျက်မြင်တယ်ဆိုရင်. . (၄-နံပါတ် အဝိဇ္ဇာမရှိပါဘူး)။ ၄-နံပါတ်အဝိဇ္ဇာမရှိပါဘူးဆိုတာ သေချာပြီလား. . (သေချာပါပြီ)။

www.dhammadownload.com



## အဝိဇ္ဇာဟာ ကြောက်စရာကောင်းတယ်

ဒါဖြင့် မြင်တယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ၄-နံပါတ် အဝိဇ္ဇာဟာ အင်မတန် ကြောက်စရာကောင်းတဲ့ အဝိဇ္ဇာ. . (မှန်ပါ)။ ဒီထဲမှာ ၄-နံပါတ် အဝိဇ္ဇာဟာ မောင်နိုင်သိပ်ကြောက်စရာကောင်းပါတယ်. . (မှန်ပါ)။ အရှိကို အသိနဲ့ မကိုက်အောင် လုပ်ထားတယ်. . (မှန်ပါ)။ ဒီက ဖြစ်ပျက်အရှိကို ဟောဒီ အသိနဲ့ မကိုက်အောင် အဝိဇ္ဇာက ကြားခိုခိုထားတယ်. . (မှန်ပါ)။ သဘောကျရဲ့လား. . (ကျပါတယ် ဘုရား)။

## အဝိဇ္ဇာထူလာရင် မမြင်တော့ဘူး

ဘယ်သူကကြားခိုထားပါလိမ့်. . (အဝိဇ္ဇာကကြားခိုထားပါတယ်)။ အဝိဇ္ဇာက ကြားခိုထားလိုက်တော့ ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ကြားမှာ ဟောဒီ အဝိဇ္ဇာထုကြီးဟာ သေးတာမဟုတ်ဘူး. . (မှန်ပါ)။ တစ်ခါတလေ မြင်တယ်၊ တစ်ခါတလေ မမြင်ဘူးဆိုလို့ရှိရင် သူပဲ. . (မှန်ပါ)။ မြင်တဲ့အခါကျလို့ရှိရင် သူပါးတဲ့အချိန်မှာပဲ အဝိဇ္ဇာပါးတဲ့ အချိန်မှာ. . (မြင်ပါတယ်)။ ထူလာတဲ့အချိန်မှာ. . (မမြင်ပါဘူး)။

www.dhammadownload.com



မမြင်ပြန်ဘူးဆိုတော့ ဩော် ငါ့မှာ ပါရမီမရှိလို့လား ဘယ့်နှယ့်ကြောင့်ပါလိမ့်. . ဆရာဘုန်းကြီးကလည်း ဖြစ်ပျက် မြင်မှ စတုတ္ထအဝိဇ္ဇာကွာလို့ ဟောထားတယ်. . (မှန်ပါ)။ စတုတ္ထအဝိဇ္ဇာမကွာလို့ ရှိရင်လဲ ဖြစ်ပျက်ကို မတွေ့ပါဘူးဆိုလို့ ရှိရင်ဖြင့် သူဒီကြားထဲမှာ ခိုပြီသာမှတ်ပေတော့. . (မှန်ပါ)။

ဘယ်သူကြားခိုပါလိမ့် ဒကာ ဒကာမတို့. . (အဝိဇ္ဇာ ကြားခိုပါတယ်)။ အဝိဇ္ဇာကြားခိုပြီဆိုတာ သေသေချာချာမှတ် ပါနော်. . (မှန်ပါ)။

အဲဒီအဝိဇ္ဇာကြားခိုနေတော့ ဒကာ ဒကာမတွေက ဘယ်လိုပြင်မလဲလို့ဆိုတာ ပြင်လုံးဟာ မလိုဘူးလား. . (လိုပါ တယ်)။ ပြင်လုံးက လိုလာတော့ ခင်ဗျားတို့ ဘယ်လိုပြင်မှသာ လျှင် ဒီဥစ္စာပျောက်ပ့ါမလဲလို့မေးဖို့ လိုမလာဘူးလား. . (လိုပါ တယ် ဘုရား)။

## အဝိဇ္ဇာကြားခိုနေလို့

အဲဒီတော့ သူကဖြင့် ကြားတော့ခိုနေပြီ။ ကြားခိုလို့ အခု ငါထိုင်ရှုနေတာလဲ တော်တော်ကြာပြီ၊ ဖြစ်ပျက်ကိုလဲ မတွေ့ ဘူး။ မတွေ့တာ ပါရမီမရှိလို့၊ အကြောင်းမသင့်လို့၊ ကိုစောမောင်

www.dhammadownload.com



ဒီလိုချည့် မယူပါနဲ့. . (မှန်ပါ)။ ဒီအဝိဇ္ဇာကြားခိုနေလို့. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါပြီ ဘုရား)။

ဒါ ဒီဘဝမှာ ခင်ဗျားတို့ကို ဆရာဘုန်းကြီးကလဲအရ ရစေချင်လို့ကို ခရေစေ့တွင်းကျပြောနေတယ်လို့ မှတ်ကြစမ်းပါ. . (မှန်ပါ)။ ဒါအလုပ်မှာ အင်မတန်အရေးကြီးတဲ့နေ့ပဲဆိုတာ စစကတည်းကပဲ အလုပ်ကို စပြောပါတယ်. . (မှန်ပါ)။

ဒါဖြင့် ၄-နံပါတ်မှာ ဖြစ်ပျက်မမြင်ရင် မောင်နိုင်ဘယ်သူကြားခိုသလဲ. . (အဝိဇ္ဇာကြားခိုပါတယ် ဘုရား)။ ဒီတော့ ဖြစ်ပျက်မမြင်အောင်ဖုံးတဲ့အဝိဇ္ဇာဆိုတာ မပေါ်သေးဘူးလား. . (ပေါ်ပါပြီ ဘုရား)။

## ၃–နံပါတ် ပြန်လုပ်

ဒါဖြင့် ဒကာ ဒကာမတို့ သူ့ကိုဖယ်နည်းရှားနည်း နိဿရည်းဟာ မလိုဘူးလား. . (လိုပါတယ်)။ လိုလာတော့ ဒကာဒကာမတို့က ပဋိစ္စသမုပ္ပါဒ်ကို ပြန်ကောက်ကြည့်လိုက်။ ၃-နံပါတ်ကို ပြန်ကောက်ကြည့်လိုက်. . (မှန်ပါ)။ ၃-နံပါတ် ကောက်လိုက်တော့ကို အခုဖြင့် ထိုင်နေတာ မမြင်ဘူး။ စောင့်ကြည့်နေတာ မောင်နိုင်မြင်ရဲ့လား. . (မမြင်ပါဘူး)။ စောင့်ကြည့်နေတာ

www.dhammadownload.com



မမြင်လို့ရှိရင် သူ့ကိုအသာချိတ်ထားပြီး သကာလ ဆရာဘုန်းကြီး ပြောထားတဲ့ ၃-နံပါတ်ကို ပြန်ကောက်လိုက်. . (မှန်ပါ)။

## ပဋိစ္စသမုပ္ပါဒ်ပေါ်တာ ပြန်ကောက်

၃-နံပါတ်ဆိုတာက တခြားမဟုတ်ပါဘူး။ ခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ်ပေါ်တာကို ပြန်ကောက်လိုက်. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။ ပဋိစ္စသမုပ္ပါဒ်ပေါ်တာကို ပြန်ကောက်လိုက်တော့ ဒကာ ဒကာမတို့ အခုအသစ်ပေါ်တာ ကလေးဟာ မတွေ့ရပေဘူးလား. . (တွေ့ရပါတယ်)။ တွေ့ရတော့ အဲဒီအသစ်ပေါ်လာတာကလေးဟာဖြင့် ဖြစ်ပြီးပျက်မလို့ ပေါ်တာပဲဆိုပြီး မောင်နိုင်က ရှုပစ်လိုက်. . (မှန်ပါ)။ ရှုပစ်လိုက်တော့ ဖြစ်ပျက်ပေါ်လာပြီး ၄-နံပါတ် အဝိဇ္ဇာဟာသွားတာပဲ. . (သွားပါတယ် ဘုရား)။

ဒါဖြင့် တိုက်ရိုက်ဖယ်မနေနဲ့တော့၊ ၃-နံပါတ်ကို ပြန်ကောက်. . (မှန်ပါ)။ နားလည်ကြပြီလား. . (နားလည်ပါပြီ ဘုရား)။

ဒါတော်တော်အရေးကြီးပါတယ် ဒကာ ဒကာမတို့။ အလုပ်သမားအတွက်မှာဖြင့် ဩော် ထိုင်နေတာလဲ ကြာလှပြီ

www.dhammadownload.com



ဖြစ်ပျက်လဲ မတွေ့သေးဘူးဆိုတော့ စတုတ္ထအဝိဇ္ဇာက စုံကန်ပြီး သကာလ ပိတ်ထားတယ်. . (မှန်ပါ)။ မပိတ်ဘူးလား. . ပိတ်သလား. . (ပိတ်ပါတယ် ဘုရား)။

ဒါဖြင့် ကြပ်ကြပ်သတိထားကြပါ ဒကာ ဒကာမတို့ ဖြစ်ပျက်ရှိလျက်နဲ့ ဖြစ်ပျက်မတွေ့အောင် စတုတ္ထအဝိဇ္ဇာဖုံးဖိထားတယ်ဆိုတာကော ကျေကျေနပ်နပ်သဘောကျပြီလား. . (ကျပါပြီ)။

## ပေပြီးထိုင်လို့တော့ မရဘူး

ဒါဖြင့် ဒီလိုပေပြီးထိုင်လို့တော့ မရတော့ဘူး၊ ပျင်းသာလာတော့မှာပဲ. . (မှန်ပါ)။ မလာပေဘူးလား. . (လာပါတယ် ဘုရား)။ ပျင်းသာလာမှာပဲ၊ ထပြေးချင်မှာပဲ၊ ပါရမီမရှိဘူးရယ်လို့လဲ ခင်ဗျားတို့ ဆင်ခြေအမျိုးမျိုးနဲ့လဲပြီး ထပြေးချင်လဲပြေးကြမယ်ဆိုတာ မဖြစ်ပေဘူးလား. . (ဖြစ်ပါတယ်)။

## ထလည်းမပြေးနဲ့

အဲဒီတော့ ဆရာဘုန်းကြီးကပြောတယ်၊ ဒကာ ဒကာမတို့ ထလဲမပြေးနဲ့နော် ပါရမီမရှိတာကိုလဲ ဆင်ခြေမလဲနဲ့

www.dhammadownload.com



နော်။ ဘာပြန်ကောက်ရမလဲ (၃-နံပါတ်ပြန်ကောက်ရပါမယ်)။

၃-နံပါတ်က ဒကာ ဒကာမတွေကို ပြောထားတာပဲ၊ အခုပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို မိအောင်ဖမ်းလိုက်. . (မှန်ပါ)။

ဘာတဲ့တုံး. . (အခုပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို မိအောင်ဖမ်းရပါမယ်)။ အခုပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို မိအောင်ဖမ်းလိုက်ဆိုတော့ အခုပေါ်တဲ့စိတ်ကို ဒိဋ္ဌဇွာဖမ်းနည်းကိုလဲ ဘုန်းကြီးရှင်းပြပါ့မယ်. . (မှန်ပါ)။ ဖမ်းနည်းကို ရှင်းပြမယ်ဆိုတော့ စောင့်ပြီးကြည့်နေပါ။ စောင့်ပြီးကြည့်နေတော့ ဖြစ်ပျက်ကို နည်းနည်းမှ မောင်နိုင်တို့က မတွေ့။ ကိုစောမောင်တို့က မတွေ့ဘူး၊ ဒီလိုဖြစ်နေတတ်တယ်. . (မှန်ပါ)။ ဒြော် ငါကတက်လာတာက ၄-နံပါတ် တက်လာတယ်၊ ၄-နံပါတ်တက်လာတော့ ၄-နံပါတ် အဝိဇ္ဇာကို ငါမတွန်းလှန်နိုင်တာ သေချာပြီ။ ဖြစ်ပျက်မတွေ့ရင် မတွန်းလှန်နိုင်လို့ပဲ. . (မှန်ပါ)။

အဲဒီတော့ သူ့ကိုမတွန်းလှန်နိုင်တာကို အသာထား၊ စစ်တိုက်သလိုပေါ့။ ကိုစောမောင် နောက်ဆုတ်တန်လဲ ဆုတ်ရတယ်. . (မှန်ပါ)။ အကြောင်းမညီညွတ်ရင် ဘယ့်နှယ်တုံး. . (နောက်ဆုတ်ရပါတယ်)။ ပြီးမှ ရှေ့တိုးရမှာကိုးဗျ. . (မှန်ပါ)။

အဲဒီတော့ နောက်ဆုတ်လိုက် ဒကာ ဒကာမတို့။ နောက်ဆုတ်လိုက်တော့ ကိုင်း. . ပေါ်ဆဲပဋိစ္စသမုပ္ပါဒ်ကို ရ

www.dhammadownload.com



အောင်ရှာမယ်ဆိုပြီး ရှာလိုက်. . (မှန်ပါ)။ သဘောပါကြပြီလား (ပါပါပြီ ဘုရား)။

## ပေါ်ဆဲပဋိစ္စသမုပ္ပါဒ်ကိုရအောင်ရှာပါ

ဘာရှာမယ် (ပေါ်ဆဲပဋိစ္စသမုပ္ပါဒ်ကိုရအောင် ရှာကြရပါမယ်)။ ပေါ်ဆဲပဋိစ္စသမုပ္ပါဒ်ဆိုတော့ ဥပမာမယ် ဒီလိုစိုက်ကြည့်နေတုန်းပဲ ရှုချင်တဲ့စိတ်ကလေး ပေါ်လာလိမ့်မယ် ကိုစောမောင်. . (မှန်ပါ)။ ရှုက်ချင်တဲ့စိတ်ကလေး (ပေါ်လာပါတယ်ဘုရား)။ အဲဒါကလေးတွေ ဖြစ်ပျက်ပြန်ကောက်လိုက်. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ ဘုရား)။

အဲဒါကလေး ဖြစ်ပျက်ပြန်ကောက်လိုက်တော့မှ အဲဒါကလေးပြန်ပြီးတွေ့လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ပဋိစ္စသမုပ္ပါဒ်အစ တွေ့ပြီပေါ့. . (မှန်ပါ)။ မတွေ့သေးဘူးလား. . (တွေ့ပါပြီဘုရား)။

## အခုမှပေါ်ပြီး အခုပျောက်တာ

တွေ့လို့ရှိရင်ဖြင့် ဩော် သူတခြားလား၊ နဂိုကရှိတာမဟုတ်လား၊ အခုမှပေါ်ပြီး အခုပျောက်တာပဲလို့ ခင်ဗျားတို့က

www.dhammadownload.com



ဉာဏ်နဲ့လှည့်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ပေါ်ဆဲလဲတွေ့ပါ ရော စတုတ္ထအဝိဇ္ဇာဟာ အလိုလိုကွာသွားတယ်. . (မှန်ပါ)။

ပေါ်ဆဲတွေ့လိုက်ရင်. . (စတုတ္ထအဝိဇ္ဇာ အလိုလိုကွာ ပါတယ် ဘုရား)။

## ဒါရင့်ကျက်အောင် လုပ်ပေတော့

အဲဒီမှာ သဲလွန်စရပြီး စတုတ္ထအဝိဇ္ဇာကွာတာကလေး ရတဲ့အခါကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ဖြစ်ပျက်တွေဟာ တစ် ခါတည်း ရှုစိတ်က ပြလိုက်၊ ရှုက်စိတ်ကပြလိုက်နဲ့နော်. . (မှန် ပါ)။ အသစ်ပေါ်လာတဲ့စိတ်ကကော. (ပြပါတယ် ဘုရား)။ အဲဒီ ကဲ့သို့ပြတဲ့အခါကျတော့ ကိုစောမောင် မပြန်နဲ့တော့၊ သူ့ချည့် လိုက်နေပါ. . (မှန်ပါ)။ အဲဒါ ရင့်ကျက်အောင်လုပ်ပေတော့. . (မှန်ပါ)။

နောက်က ဒကာ ဒကာမတို့ နည်းနည်းနော နော အရေးကြီးတဲ့ စကားမဟုတ်ပါဘူး. . (မှန်ပါ)။ ပြန်ပြောပါအုံး မယ် အလုပ်သမားတွေမှာ မဂ်နားရောက်ခါနီးမှပြန်ဆင်းသွားမှာ စိုးလို့. . (မှန်ပါ)။ မဂ်ကစတုတ္ထလွန်ရင်ရောက်တော့မယ် မဟုတ်လား. . (မှန်ပါ)။

www.dhammadownload.com



ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားရှေ့မှာဖြစ်စေ ထိုင်၍ စောင့်ပြီး ခန္ဓာကိုယ်ကြည့်နေပါ ခန္ဓာကိုယ်ဖြစ်ပျက်တွေ ကြည့်ရမယ်လို့ ဘုရား ဟောတဲ့အတိုင်း ဆရာဘုန်းကြီးက ဟော တာနဲ့ ဒကာ ဒကာမတွေက စောင့်ကြည့်နေပါ။ ရေးရေးမှ မပေါ်လာဘူးဆိုရင် စတုတ္ထအဝိဇ္ဇာကာပြီ. . (မှန်ပါ)။

ရေးရေးမှမပေါ်လာရင်. . (စတုတ္ထအဝိဇ္ဇာကာပါပြီ)။ စတုတ္ထအဝိဇ္ဇာကာပြီး ဖုံးဖိနေတယ်ဆိုတာဖြင့် လေးလေးစား စား သဘောကျပြီလား. . (ကျပါပြီ ဘုရား)။

ဒါဖြင့် သူကာတဲ့အချိန်နဲ့ပဲ မင်းက ကာသေးတာပေါ့ ကွာဆိုပြီး သကာလ ဒကာ ဒကာမတွေက ကိုယ့်သန္တာန်မှာပေါ် ဆဲ၊ ယခုအသစ်ပေါ်တဲ့ စိတ်ကိုရှာလိုက်. . (မှန်ပါ)။ ရှာတော့ ဒိဋ္ဌိပြင်စိတ်လာတာ မလာတာ ရှုစိတ်ရှိုက်စိတ်တော့ လာရမှာ ပဲ. . (မှန်ပါ)။ ဒိဋ္ဌိပြင်စိတ်မရှိရင် သူတို့တစ်ခုခုရှိနေမှာကိုး. . (မှန်ပါ)။ ရှုစိတ် ရှိုက်စိတ်လာတော့ ရှုစိတ်ကလေးဟာလဲ ဖြစ် ပျက်ပဲ၊ ရှိုက်စိတ်ကလေးဟာကော. . (ဖြစ်ပျက်ပါ ဘုရား)။ နောက်ကျတော့ သူတို့က သဲလွန်စရပြီး ပြလိုက်တော့ နောက် အသစ်ပေါ်မယ့်စိတ်တွေလဲ. . (ဖြစ်ပျက်ပါပဲ ဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေက တတိယပြန်ကောက် ပြီး စတုတ္ထကိုအရယူမှသာလျှင် ဖြစ်တော့မယ်၊ နို့မဟုတ်ရင်

www.dhammadownload.com



ခဲယဉ်းနေမယ်. . (မှန်ပါ)။ သဘောပါကြရဲ့လား. . (ပါပါတယ် ဘုရား)။

ဒကာ ဒကာမတို့ ဒီဥစ္စာသွက်သွက်ပြောသွားလို့ မပြီးဘူး ကိုစောမောင်. . (မှန်ပါ)။ သွက်သွက်ပြောသွားလို့မပြီးဘူး၊ သုံးခါလောက်ပြောမှ ဒကာ ဒကာမတို့ ရှင်းရှင်းလင်းလင်းရှိမယ်ဆိုတဲ့ ဥစ္စာကို သေသေချာချာ သတိထားကြပါ. . (မှန်ပါ ဘုရား)။

## ဖြစ်ပျက်ရေးရေးမှမပေါ်လာရင်

ကိုင်း ဒကာ ဒကာမတွေက ကမ္မဋ္ဌာန်းကျောင်းပေါ်မှာသွားထိုင်ထိုင်၊ ဘုရားရှေ့မှာထိုင်ထိုင် ဘုန်းကြီးက ဖြစ်ပျက် ရှုရမယ်လို့ဆိုထားတယ်၊ ဘုရားက အနိစ္စာဝတ သင်္ခါရာလို့ ဟောထားတယ်၊ ဖြစ်တာနဲ့ပျက်တာပဲ ရှိတယ်လို့ ဟောထားလို့၊ ပညာနဲ့လဲ ကြည့်ရမယ်ဆိုလို့ မဂ္ဂင်ငါးပါးနဲ့ကြည့်ပြီး သကာလ နေလိုက်တာ ရေးရေးမှ မပေါ်လာဘူး၊ ဖြစ်ပျက်ရေးရေးမှ မပေါ်လာဘူးတဲ့. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။ မပေါ်လာတဲ့အချိန်လဲ ရှိအုံးမှာပေါ့ဗျာ. . (မှန်ပါ)။ မရှိပေဘူးလား. . (ရှိပါတယ် ဘုရား)။

www.dhammadownload.com



ရှိလို့ရှိရင်ဖြင့် ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက် ချလိုက်၊ တစ်ခါတည်း ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချလိုက်၊ ဩော် ၄-နံပါတ်တော့ တက်ကြည့်တာပဲ တက်ကြည့်ပြောသော်လည်း ၄-နံပါတ် အဝိဇ္ဇာကို မကျော်လွှန်နိုင်လို့ မခွာနိုင်လို့ မမြင်တာဘဲ. . (မှန်ပါ)။ ပေါ်ကြပြီလား. . (ပေါ်ပါပြီ)။

## ၄-နံပါတ် မကျော်နိုင်လို့

၄-နံပါတ်ကို မကျော်နိုင် မခွာနိုင်တာနဲ့ ၄-နံပါတ် ဉာဏ်ကို မပေါ်ဘူး. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းသွားပါပြီ)။

ဒီနေရာမှာ ၄-နံပါတ် ဉာဏ်ဖြစ်သေးရဲ့လား. . (မဖြစ်ပါဘူး)။ ဖြစ်ပျက်မှ မမြင်ဘဲနဲ့ ၄-နံပါတ်ဉာဏ်ဖြစ်နိုင်ပ့ါမလား. . (မဖြစ်နိုင်ပါဘူး)။ ဦးဘကလေး ကျေနပ်ပြီလား. . (ကျေနပ်ပါပြီ ဘုရား)။

ဒီနေ့ နာရတဲ့ ဒကာ ဒကာမတွေ၊ ဩော် တကယ့် အလုပ်အရေးကြီးတဲ့အချိန်မှာ အရေးကြီးတဲ့ရှုနည်းကို ပါရမီကိုလဲ မချစေချင်လို့၊ အဝိဇ္ဇာ မဖယ်တတ်လို့ ဖြစ်နေတာကို ပါရမီချလိုက်ရင် ကိုစောမောင် လွဲတော့မယ်. . (လွဲမှာပါ ဘုရား)။ ကိုစံလှ ဘယ့်နှယ်နေမလဲ. . (လွဲမှာပါ ဘုရား)။ ဦးပြန့်တို့ လွဲ

www.dhammadownload.com



လိမ့်မယ်နော်. . (မှန်ပါ)။

အားလုံး ဒကာ ဒကာမတွေ. . ဂရုစိုက်နိုင်သလောက် စိုက်ပြီး နားထောင်ပါ။ ဒီနေ့ အလုပ်ဟာက ၄-နံပါတ်ကနေပြီးမှ ၅-ကူးရမှာကိုး. . (မှန်ပါ)။ တရားအစဉ်အလိုက်နာလာတဲ့ ပုဂ္ဂိုလ်တွေကျတော့ သိပြီနော်. . (မှန်ပါ)။

၄-သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်မြင်မှ ၄-နံပါတ် အဝိဇ္ဇာကွာတယ်. . (မှန်ပါ)။ ဒီကဖြစ်ပျက်ကို ဒီကဉာဏ်နဲ့မြင်မှ အဝိဇ္ဇာမရှိမယ်. . (မှန်ပါ)။ မမြင်ပါဘူး၊ ထိုင်သာနေရတယ်၊ ၅-မိနစ်၊ ၁၀-မိနစ်၊ ၁၅-မိနစ်ရှိပြီ. . နာရီဝက်တောင်ရှိသွားပြီ မမြင်ပါဘူး ဘုရားဆိုလို့ရှိရင် သူကျော်တက်တယ်. . (မှန်ပါ)။ ၃-နံပါတ်မနိုင်ဘဲနဲ့ ၄-နံပါတ် ကျော်တက်တယ်။ သဘောကျပြီလား (ကျပါပြီ)။

## ဘယ်လိုမှတ်ရမလဲ

ကိုပေါ် ဘယ်လိုမှတ်မလဲ. . (၃-နံပါတ် မနိုင်ဘဲနဲ့ ၄-နံပါတ် ကျော်တက်ပါတယ်ဘုရား)။ ၃-နံပါတ် မနိုင်ဘဲနဲ့ ၄-နံပါတ်ကျော်တက်လို့ သူသည် ဖြစ်ရတာဆိုတော့ ၃-နံပါတ် မနိုင်ဘဲနဲ့ ၄-နံပါတ်ကျော်တက်လို့ သူ့မှာ အချိန်ကုန်သွား

www.dhammadownload.com



တယ်. . (မှန်ပါ)။

ကိုစောမောင် ဘယ်လိုဆိုပါ့မလဲ. . (၃-နံပါတ်မနိုင်ဘဲနဲ့ ၄-နံပါတ်ကျော်တက်လို့ အချိန်ကုန်သွားပါတယ် ဘုရား)။

အဲဒါ အပြစ်ရှာလိုက်တော့မှ ၃-နံပါတ်မနိုင်ဘဲနဲ့ ၄-နံပါတ်ကို ခုန်တက်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ ကိုစောမောင် ၃-နံပါတ်မှာ ဒိဋ္ဌိမပြုတ်ခဲ့ဘူး. . (မှန်ပါ)။ ၃-နံပါတ်မှာ ဒိဋ္ဌိက အင်မတန် အရေးကြီးနေတယ် (မှန်ပါ)။ ၃-နံပါတ်မှာ ဒိဋ္ဌိမပြုတ်ခဲ့တာနဲ့ ဒိဋ္ဌိနဲ့အဖော်ဖြစ်တဲ့ အဝိဇ္ဇာက မောင်နိုင် ဝင်ပြီးကာလိုက်တယ်. . (မှန်ပါ ဘုရား)။ သဘောကျပြီလား. . (ကျပါပြီ ဘုရား)။

၃-နံပါတ်မှာ ဒိဋ္ဌိပြုတ်မှုရှေ့သွားရမယ်ဆိုတာလဲ ဆရာဘုန်းကြီးက ကြာပါပြီဟောတာ. . (မှန်ပါ)။ ရက်ပိုင်းတွေ မနည်းပါဘူး ကိုစောမောင် (မှန်ပါ)။ ၃-နံပါတ်ဟာ ပဋိစ္စသမုပ္ပါဒ်ဟာ ဒိဋ္ဌိခွာတာ. . (မှန်ပါ)။ ဒိဋ္ဌိခွာချင်ရင် ပဋိစ္စသမုပ္ပါဒ်ကြည့်လို့ မောင်နိုင်တို့ မှာမထားဘူးလား. . (မှာပါတယ်)။

အဲဒီတော့ သူဖြစ်ပျက်မမြင်တာသည် ထိုင်လဲထိုင်နေတယ်၊ မြင်လဲမမြင်ဘူး။ ရှုလဲရှုပါတယ်၊ မြင်လဲမမြင်ဘူး၊ လာရင် ရှုမယ်လို့ စောင့်နေတယ်၊ မြင်လဲမမြင်ဘူး။ ဒီပုဂ္ဂိုလ် ဘယ်အဝိဇ္ဇာကာကွယ်နေတယ်ဆိုတာ သဘောကျပြီလား. . (ကျပါပြီ)။

www.dhammadownload.com



ဘယ်အဝိဇ္ဇာပါလိမ့်. . (၄-နံပါတ်အဝိဇ္ဇာပါ)။ ၄-နံပါတ်အဝိဇ္ဇာ က ကာကွယ်နေတယ်. . (မှန်ပါ)။

## ၃-နံပါတ်ပြန်ကောက်ရမယ်

အလကားကျော်တက်လာတယ် မောင်နိုင်. . (မှန်ပါ)။ အလကားကျော်တက်လာလို့ ဘာကကာကွယ်နေတယ် (၄-နံပါတ် အဝိဇ္ဇာကာကွယ်နေပါတယ်)။ ၄-နံပါတ် အဝိဇ္ဇာကာကွယ်နေတော့ တစ်နေ့လုံး ထိုင်နေသော်လဲ မမြင်နိုင်ဘူး. . (မှန်ပါ)။ တစ်နေ့လုံးထိုင်ပါ ဒကာ ဒကာမတို့ ရပ့်မလား. . (မရပါဘူး)။ မရနိုင်တော့ ဆရာဘုန်းကြီးက ဘယ်လို သင်ပါလိမ့် ဒကာ ဒကာမတို့. . (၃-နံပါတ် ပြန်ကောက်ရပါမယ် ဘုရား)။

အလုပ်သမားတွေမှာ သိပ်အရေးကြီးပါတယ်နော်. . (မှန်ပါ)။ ဘာပြန်ကောက်ရမလဲ. . (၃-နံပါတ်ပြန်ကောက်ရပါမယ်)။ ၃-နံပါတ် ပြန်ကောက်ရမယ်ဆိုတော့ ၃-နံပါတ်ဆိုတာ ခန္ဓာမှာပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို အစမိအောင်လိုက်. . (မှန်ပါ)။ ဦးဘကလေး ရှင်းသွားပြီလား. . (ရှင်းပါပြီ)။

www.dhammadownload.com



## မြင်စိတ် ကြားစိတ်မိအောင်လိုက်

ခန္ဓာကိုယ်ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်အစကို. . (မိအောင်လိုက်ရပါမယ်)။ မြင်စိတ်ပေါ် မြင်စိတ်မိအောင်လိုက်. . ကြားစိတ်ပေါ်ရင်. . (ကြားစိတ်မိအောင် လိုက်ရပါမယ်)။ တွေးစိတ်ပေါ်ရင်. . (တွေးစိတ်မိအောင် လိုက်ရပါမယ်)။ အဲဒါ မိလိုက်လို့ရှိရင်တော့ဖြင့် ဒကာ ဒကာမတို့ မိလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဒိဋ္ဌိကကွာသွားတဲ့အတွက် ဒီကရှုလိုက်တဲ့အခါကျတော့ အဝိဇ္ဇာက မရှိတော့ဘူး. . (မှန်ပါ)။ ရှိသေးရဲ့လား. . (မရှိပါဘူး)။ တားသေးရဲ့လား. . (မတားပါဘူး)။

## ဆင်ခြေတွေ လာတတ်တယ်

အဲဒါဟာ ဒကာ ဒကာမတို့ ဒီလိုတက်နည်း ဆုတ်နည်းကို မသိရင် ကျုပ်ပါရမီမရှိဘူး၊ ကျုပ်က ဒုက္ခပ္ပဋိပဒါ ပုဂ္ဂိုလ်ထင်ပါရဲ့၊ ပဒပရမပုဂ္ဂိုလ်ထင်ပါရဲ့ ဆိုပြီးသကာလ ဆင်ခြေတွေဟာ တစ်ခါတည်းလာတတ်တယ်။ မဂ်ဖိုလ်တားနိုင်တဲ့ ဆင်ခြေတွေ။ ဆင်ခြေဆိုတာက တိုတိုပြောရင် ပျင်းတာဝင်လာတာ. . (မှန်ပါ)။ ပျင်းတာဆိုတာလဲ တရားကိုယ်ကောက်က ကောသဇ္ဇ

www.dhammadownload.com



တရား ဒေါသအနုဝင်လာတာပဲ. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါပြီ ဘုရား)။

ပျင်းတာဆိုတာ ဘာပါလဲမှ. . (ဒေါသအနု ဝင်လာတာပါ)။ အဲဒီဒေါသအနုဝင်တားလိုက်တော့ ဒေါသဟာ သူ့ချည်းသက်သက်လာတာမဟုတ်ဘူး၊ အဝိဇ္ဇာနဲ့ရောလာတယ်. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါပြီဘုရား)။

ဘာနဲ့တွဲဝင်သတုံး. . (အဝိဇ္ဇာနဲ့ တွဲဝင်ပါတယ်ဘုရား)။ အဝိဇ္ဇာနဲ့တွဲပြီး ဝင်ပါတယ်ဆိုတာကော သေချာပြီလား. . (သေချာပါပြီ)။

အဲဒီလိုနဲ့ပဲ အလုပ်ခွင်က သူရုပ်သိမ်းလိုက်တယ် ဆိုကြပါစို့. . (မှန်ပါ)။ အပြီးသတ်တော့ သူမှာ ၃-နံပါတ် မကျေပွန်လို့ ၄-နံပါတ်လုပ်လို့မရတာ. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါပြီ ဘုရား)။

## အလုပ်ထိုင်တယ်ဆိုတာ

ဒါဖြင့် အလုပ်ထိုင်တယ်. . အလုပ်ထိုင်တယ်ဆိုတာ ဖြစ်ပျက်ကစတွေ့ရင် ဖြစ်ပျက်ကစပြီး ထိုင်ကြပါ. . (မှန်ပါ)။ ဒကာ ဒကာမတို့ သတိပေးပုံကော သဘောကျရဲ့လား. .

www.dhammadownload.com



(ကျပါတယ်)။ အလုပ်ထိုင်တယ်ဆိုလို့ရှိရင် ဖြစ်ပျက်က စရမှာ တော့ အလုပ်ကအမှန်ပဲ. . (မှန်ပါ)။ သို့သော် ထိုင်စောင့်ပြီး ကြည့်နေငြားသော်လည်း ဖြစ်ပျက်ကို မတွေ့ဘူး။ ဘယ်အဝိဇ္ဇာ ဖုံးနေသတုံး (၄-နံပါတ် အဝိဇ္ဇာဖုံးနေပါတယ် ဘုရား)။

ဒါဖြင့် ၄-နံပါတ် အဝိဇ္ဇာက သူမလျှော့တမ်းဖုံးနေ တယ်။ မလျှော့တမ်းဖုံးနေတော့ ရှုတဲ့ဉာဏ်နဲ့ သူနဲ့အားက မမျှဘူး. . (မှန်ပါ)။ မျှသေးရဲ့လား. . (မမျှပါဘူး)။ မမျှတော့ မိမိက ဉာဏ်စဉ်ခုန်တက်လာတဲ့ သဘောသတ္တိရှိသကိုးဆိုပြီး ဆရာဘုန်းကြီးနည်းပေးတဲ့ ၃-နံပါတ် ပြန်လှည့်လိုက်. . (မှန်ပါ)။ ၃-နံပါတ် ပြန်လှည့်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်အစကို တွေ့လိမ့်မယ်. . (မှန်ပါ ဘုရား)။

ဘာတွေ့မလဲ. . (ပဋိစ္စသမုပ္ပါဒ်အစလာတွေ့မှာပါ) အစလာတွေ့တော့ ဘယ်စိတ်ကလေးပေါ်ပြီ၊ စားချင်တဲ့စိတ် ပေါ်ပြီ၊ အိပ်ချင်တဲ့စိတ်ပေါ်ပြီ၊ ပျံ့လွင့်တဲ့စိတ်ပေါ်ပြီ. . စသည် ဖြင့် မလာဘူးလား. . (လာပါတယ်)။ လာတာလဲသိရော ဒကာ ဒကာမတို့ ဖျတ်ဆို လာတာသိတဲ့ စိတ်ကလေးကို ရှိ မရှိ ဖြစ်ပျက် သာရှုချလိုက်. . (မှန်ပါ)။ ရှုချလိုက်တော့ကို ဒိဋ္ဌိကွာပြီးသားဖြစ် လေသောကြောင့် ရှုလို့ဖြစ်ပါတယ်။ (မှန်ပါ)။ ရှုလို့ဖြစ်တော့ ဒီပုဂ္ဂိုလ်ဟာ ၄-နံပါတ်တက်သွားပြီ. . (မှန်ပါ)။ မတက်ဘူး

www.dhammadownload.com



လား. . (တက်ပါတယ် ဘုရား)။ ၃-နံပါတ်ဖမ်းလိုက်တာနဲ့ ၄-နံပါတ်ထိအောင် တစ်ခါတည်း မတက်နိုင်ဘူးလား. . (တက်နိုင်ပါတယ်)။ တက်နိုင်တော့ ၄-နံပါတ် အဝိဇ္ဇာက နာရီများစွာ ထိုင်နေတုန်းက သူဖွင့်မပေးဘူး။ အခု ၃-နံပါတ်ကနေပြီး အရှိန်နဲ့တက်လာတော့ ကိုစောမောင်မရဘူးလား. . (ရပါတယ်)။ သဘောကျပြီလား. . (ကျပါပြီ)။

ကောင်းပြီ မော်တော်ကားများ မောင်းတဲ့အခါကျတော့ ပြန်ဆုတ်ပြီးတော့မှ ဂီယာပြောင်းတက်ရသလိုတက်ရတာ. . (မှန်ပါ)။ သဘောကျပြီလား (ကျပါပြီ)။ ဒီလို မတက်လို့ရှိရင် တစ်နေ့လုံး ထိုင်နေပေမယ့် မရဘဲ ဖြစ်နေတတ်တယ်။ ကိုပေါ် ရိပ်မိပြီလား. . (ရိပ်မိပါပြီ)။

## ဖြစ်ပျက်မတွေ့ဘူးဆိုရင်

အဲဒါ အားလုံး အလုပ်သမား ဟူသရွေ့မှာဖြင့် ယနေ့ ခရေစေ့တွင်းကျပြောနေတဲ့အတွက် ထိုင်နေတာဖြင့် ကြာပေါ့၊ ဖြစ်ပျက်မတွေ့ဘူးဆိုရင် ဘယ်ဟာ ပြန်လှည့်ကြမယ်. . (၃-နံပါတ် ပြန်လှည့်ရပါမယ်)။ ရှင်းကြပြီနော် (ရှင်းပါပြီ ဘုရား)။ ၃-နံပါတ်ဆိုတာ ဘာပါလိမ့် ကိုစောမောင်. . (ပဋိစ္စသမုပ္ပါဒ်

www.dhammadownload.com



ပေါ်တာ သိရပါမယ်)။ အဲ မိမိသန္တာန်မှာပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် မိအောင် ဖမ်းပါ. . (မှန်ပါ)။ ဦးဘကလေးရိပ်မိပြီလား. . (ရိပ်မိပါပြီ ဘုရား)။

## ပေါ်ဆဲပဋိစ္စသမုပ္ပါဒ်ဆိုတာ

အဲ ပေါ်ဆဲ ပဋိစ္စသမုပ္ပါဒ်ဆိုတော့ စားချင်တဲ့စိတ်ကလေးပေါ်ရင်လဲ စားချင်တဲ့စိတ်ဟာ ပဋိစ္စသမုပ္ပါဒ်အစပဲ. . (မှန်ပါ)။ အိပ်ချင်တဲ့စိတ်ကလေးပေါ်လာရင်. . (အိပ်ချင်တဲ့စိတ်ဟာ ပဋိစ္စသမုပ္ပါဒ်အစပါ)။ ကြားတဲ့ စိတ်ကလေးပေါ်လာရင်. . (ကြားတဲ့စိတ်ဟာ ပဋိစ္စသမုပ္ပါဒ် အစပါ ဘုရား)။ အဲဒီ ကြားတဲ့စိတ်ကလေးကိုပဲ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး ကြားစိတ်ပဲ။ ကြားစိတ်ကလေးပေါ်တာပဲဆိုကတည်းက ပုဂ္ဂိုလ် သတ္တဝါ ဟုတ်သေးရဲ့လား။ (မဟုတ်ပါဘူး ဘုရား)။ အဲဒါ ကြားစိတ်ကလေးဟာ ပုဂ္ဂိုလ်သတ္တဝါသာ မဟုတ်တာလား၊ ဒီပြင် ဘာရှိသေးသတုံး ဆက်ကြည့်လိုက်တော့ ပျောက်သွားတယ်။ မတွေ့ပေဘူးလား (တွေ့ပါတယ်)။ ပျောက်သွားတာ တွေ့တော့ အဖြစ်တွေ့ပြီးသား ပုဂ္ဂိုလ်ဖြစ်နေတော့ ကိုစောမောင် အပျောက်လဲ တွေ့သွားတယ်. . (မှန်ပါ)။

3(A)

www.dhammadownload.com



အဲဒီတော့ ဩော် ၃-နံပါတ်ပြန်ကောက်လိုက်တာနဲ့ ၄-နံပါတ်ဉာဏ်ပေါ် လာတယ်။ (မှန်ပါ)။ ရှင်းပြီလား (ရှင်းပါပြီ)။ ၄-နံပါတ်ဉာဏ်ပေါ် လာတော့ ဒီအတိုင်းပဲ ကဲ တစ်ခုတွေ့ပြီဆိုမှ ဖြင့် ဒကာ ဒကာမတွေ မတွေ့တာ မရှိပါဘူး ဆက်ပြီးတွေ့တော့ တာပဲ. . (မှန်ပါဘုရား)။ တစ်ခါတည်း ဖြစ်ပျက်တွေဟာ စိပ်ပြီး မြင်လာတော့တာပဲ (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါပြီ)။

ဖြစ်ပျက်တွေ စိပ်လာလို့ရှိရင် ၄-နံပါတ် အဝိဇ္ဇာမရှိလို့ စိပ်တာလို့ မှတ်လိုက်. . (မှန်ပါ)။

ဖြစ်ပျက်တွေ စိပ်လာစိပ်လာရင်. . (၄-နံပါတ် အဝိဇ္ဇာ မရှိလို့စိပ်တာပါ)။ သေချာကြပြီလား. . (သေချာပါပြီ)။

အဲဒီတော့ သူ့ကိုတော့ဖြင့် တပည့်တော်တို့ ရှုရတော့မှာ ပဲ ၄-နံပါတ် အဝိဇ္ဇာတွေကွာသွားလို့ တပည့်တော်တို့ ဖြစ်ပျက် တွေ ရှင်းရှင်းလင်းလင်း မြင်တော့တာပဲ၊ ကိုစောမောင် နေရာ ကျပြီ. . (မှန်ပါ)။ အဲဒီ ၄-နံပါတ်ကနေပြီး သကာလ ၅-နံပါတ် ကို သွားပြီး မတက်ပါနဲ့. . (မှန်ပါ)။

## ၄–နံပါတ်က ဘာပါလိမ့်

၄-နံပါတ်က (၅-နံပါတ်ကို သွားမတက်နဲ့)။ မတက်ပါ

3(B)

www.dhammadownload.com



နဲ့ ဒကာ ဒကာမတို့။ ၄-နံပါတ်ဟာ ၄-နံပါတ်တွင်နေ. . (မှန်ပါ)။ ၄-နံပါတ်ဆိုတာ ဘာပါလိမ့် ဖြစ်ပျက်နဲ့ မင်္ဂနဲ့ ကိုက်တာကို ဆိုပါတယ်. . (မှန်ပါ)။

ဖြစ်ပျက်နဲ့. . (မင်္ဂနဲ့ကိုက်တာကို ဆိုတာပါ)။ အဲဖြစ်ပျက်နဲ့ ရှုတဲ့မင်္ဂနဲ့ မကိုက်လား. . (ကိုက်ပါတယ်)။ ဝိပဿနာမင်္ဂဆိုတာ ငါးခု။ ဒကာ ဒကာမတို့ သေချာပြီ (မှန်ပါ)။

ဖြစ်ပျက်နဲ့ မင်္ဂနဲ့ ကိုက်တယ်ဆိုတော့ ဘယ်နှစ်ခုပါလိမ့် (ငါးခုပါ ဘုရား)။

အဲဒီတော့ ဩော် ၄-နံပါတ်တော့ဖြင့် နေရာကျပြီဟ၊ ၃-နံပါတ်က ပြန်တက်လိုက်လို့ ၄-နံပါတ်ဖြင့် ပိုင်ပိုင်နိုင်နိုင်မြင်ပြီလို့ ကိုယ့်ဉာဏ်ထဲမှာလဲ ကိုစောမောင် လာချင်တဲ့အခါလဲ လာလိမ့်မယ်. . (မှန်ပါ)။ မလာပေဘူးလား. . (လာပါတယ်)။ ဖြစ်ပျက်တွေ စိပ်လာလို့ရှိရင် ၄-နံပါတ်ပိုင်တာပဲ ဒကာ ဒကာမတို့. . (မှန်ပါ)။ ၄-နံပါတ် အဝိဇ္ဇာကွာလို့သာလျှင် ဖြစ်ပျက်သည် အစိပ်ကြီးစိပ်ပြီး တွေ့ရတာပဲ. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။

## ၅-နံပါတ်နိုးပြီဆိုတဲ့ စိတ်မလာစေနဲ့

အဲဒီတော့ ဒီမှာကိုယ်က ဩော် ၅-နံပါတ်နိုးပြီဆိုတဲ့

www.dhammadownload.com



စိတ်မလာစေနဲ့. . (မှန်ပါ)။ ဒကာ ဒကာမတို့ သဘောကျပြီလား. . (ကျပါပြီ)။ ဩော် ငါရတော့မှာပဲဆိုတဲ့စိတ် မလာစေနဲ့. . (မှန်ပါ)။ တရားက နာထားတော့ ရတော့မှာပဲဆိုတော့ ကပ်နေတာလဲ သေချာသားပဲ. . (မှန်ပါ)။

အဲဒီမှာ ငါရတော့မှာပဲ အခု ၄-နံပါတ် ဖြစ်ပျက်တွေဖြင့် စိပ်ပြီး သကာလနေတော့ ငါသည် ရတော့မှာပဲလို့ ကိုစောမောင် ဒီစိတ်မျိုးလဲပေါ်ချင်ပေါ်အုံးမယ်. . (ပေါ်ပါလိမ့်မယ် ဘုရား)။ ပေါ်တတ်တယ်နော်. . (မှန်ပါ)။ ပေါ်သည်နဲ့တစ်ပြိုင်နက်တည်း ဒကာ ဒကာမတို့ အဝိဇ္ဇာ ပြန်ဝင်လာတယ်. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါပြီ)။ အဝိဇ္ဇာပြန် ဝင်လာတယ်၊ ပြန်ဝင်လာသည်နဲ့ တစ်ပြိုင်နက်တည်း ခုနင်က ဖြစ်ပျက်ဟာ မောင်နိုင်ကျဲသွားပြန်တာပဲ (မှန်ပါ)။ ရရမှာပဲလို့ဆိုရင် ကျဲပြီသာ အောက်မေ့တော့ (မှန်ပါ)။

ဒကာ ဒကာမတွေ သဘောပါပြီလား. . (ပါပါပြီဘုရား)။ ဒီထဲမှာ ရောဝင်တဲ့ တဏှာကောင် ပါလာတတ်တယ်၊ (မှန်ပါ)။ အဲဒီအချိန်မှာ တဏှာမှ မပယ်နိုင်သေးဘဲ. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါပြီ)။

www.dhammadownload.com



## ရတော့မှာပဲထင်ရင် ပြုတ်ကျတာပဲ

အဲဒီမှာ ရတော့မှာပဲ။ ဖြစ်ပျက်တွေစိပ်လာပြီ. . ရတော့မှာပဲထင်ပါရဲ့ ဆိုရင်တော့ ပြုတ်ကျတာပဲ. . ကိုစောမောင် သဘောကျပြီလား. . (ကျပါပြီ)။

ကိုစံလှ ဒီအကြောင်း ကောင်းကောင်းနားထောင်ပါ။ ဦးပြန့်တို့ ကောင်းကောင်းနားထောင်ပါ။ ဒီအနားမှာ ပြုတ်ကျတဲ့ လူတွေက ဘုန်းကြီးတို့က တရားပေးနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒီကချည့်ပြုတ်ကျတာ များကြတာပါပဲ. . (မှန်ပါ)။ ရတော့မှာပဲ ထင်ပါရဲ့ဆိုရင် ဖြစ်ပျက်မြင်မှု ကျဲသွားပြီ။ ကျဲသွားရင် ပြုတ်ကျပြီ. . (မှန်ပါ)။ ကိုစောမောင် သဘောကျပြီလား. . (ကျပါပြီဘုရား)။ ငါရတော့မှာပဲ ထင်ပါရဲ့နဲ့ ပြုတ်ကျတယ်ဆိုတာ ဖြစ်ပျက်ကျဲသွားတော့ အဝိဇ္ဇာတဏှာစတဲ့ တခြား ကြားထိုး တရားဝင်လာတယ်။ အဲဒီကြားထိုး တရားက ဖြုတ်ချပစ်လိုက်တယ်. . (မှန်ပါ)။

## အဝိဇ္ဇာနှင့်တဏှာကြားခိုရင်

ကြည့်စမ်း ဒကာ ဒကာမတို့၊ ဖြစ်ပျက် စိပ်တာတောင် ဖြစ်ပျက်တွေကျဲသွားတယ်နော်. . (မှန်ပါ)။ ဘယ့်နှယ် အဝိဇ္ဇာ

www.dhammadownload.com



တဏှာတို့ရောပြီး ကြားခိုပစ်လိုက်တယ်. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။

အဝိဇ္ဇာနဲ့တဏှာနဲ့ ကြားခိုသွားတဲ့အတွက် ကိုစောမောင် ပြန်ရှင်းပြရအုံးမယ်၊ ကိုစောမောင် ဒုံရင်း ပြန်သွားပြီ (မှန်ပါ)။ မသွားဘူးလား. . (သွားပါတယ်)။ ဦးဘကလေး ကောင်းကောင်းသဘောကျရဲ့လား. . (ကျပါတယ် ဘုရား)။

ဒကာ ဒကာမတို့ ဒီအရေးဟာ မသေးပါဘူး။ လက်တွေ့ သဘောပေါက်အောင် ပြရမှာနော်. . (မှန်ပါ)။ ကိုစောမောင် နိဗ္ဗာန်ရလိမ့်မယ်ပြောနေရုံနဲ့ ကိစ္စပြီးတာ မဟုတ်ပါဘူး။ နိဗ္ဗာန်ရဖို့ ရှုနည်းကို သေသေချာချာ ဒီနေရာမှာ ဒီခလုတ်တွေ့လိမ့်မယ်၊ ဒီခလုတ်တွေ့ရင် ဒီလိုရှင်းပါ၊ ဒီလိုပြောပေးမယ့် ဆရာမရှိဘူးဆိုရင်တော့ အတော်ခဲယဉ်းနေတယ်ဆိုတာ မှတ်ထားပါ. . (မှန်ပါ)။ သဘောပါကြပြီလား. . (ပါပါပြီ)။

## ရချင်တဲ့စိတ်ကလေး

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ရချင်တဲ့ စိတ်ကလေးဟာလဲ နိကန္တိလို့ ခေါ်ပါတယ်။ နိကန္တိဆိုတာ နှစ်သက်တဲ့ တဏှာကလေးပါ။ ရှင်းပြီလား. . (ရှင်းပါပြီ ဘုရား)။ တဏှာဆို

www.dhammadownload.com



လို့ရှိရင် အဝိဇ္ဇာနဲ့ တွဲဝင်တယ်။ တစ်ခါတည်း ဒကာ ဒကာမတို့ ၄-နံပါတ် ခရီးပေါက်ခါနီးမှ ၄-နံပါတ်က ၅-နံပါတ်သို့ ကူးတော့ မယ်လို့ နီးတော့မှပဲ ၄-နံပါတ် အဝိဇ္ဇာက ငါ့အံချိန်ရောက်လာပြီ ကိုစောမောင် ပြန်ဝင်ပြီးတားပါတယ်. . (မှန်ပါ)။ သဘောကျ ပြီလား (ကျပါပြီ)။

ပြန်ဝင်တားလိုက်ပြီနော်။ တားလိုက်တော့ ဒကာ ဒကာမတို့ ၄-နံပါတ် အဝိဇ္ဇာက ပြန်ဖုံးမြဖုံးနေတော့ ခုနင်ကလို ပဲ ၃-ကိုပြန်ရအုံးမလို ဖြစ်နေတယ်. . (မှန်ပါ)။ ရလိုတဲ့ ဒကာ ဒကာမတို့၊ ရောက်တော့မှာပဲ ရတော့မှာပဲဆိုတဲ့ ကိလေသာ ကြားခိုလိုက်တာ။ ရှင်းကြပြီလား (ရှင်းပါပြီ)။

ဘယ်သူကြားခိုတာတုံး. . (ကိလေသာ ကြားခိုတာပါ ဘုရား)။ ကဲ ကိုစောမောင်၊ ကိလေသာ ကြားခိုတာလောက် ကြောက်စရာကောင်းတာ ရှိရဲ့လား. . (မရှိပါဘူး)။

ဒါဖြင့် တပည့်တော်တို့ ဘယ်လိုလုပ်ရမှာတုံး ဘုရား၊ ဖြစ်ပျက်စိပ်ရင်ဆိုတော့ အို ဖြစ်ပျက်စိပ်သလောက် ဉာဏ်က သာ လိုက်နေပါ. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါပြီ ဘုရား)။

www.dhammadownload.com



## ဖြစ်ပျက်စိပ်သလောက် ဉာဏ်ကလိုက်နေပါ

ဖြစ်ပျက်စိပ်သလောက်. . (ဉာဏ်ကလိုက်နေရပါမယ် ဘုရား)။ ဉာဏ်ကလိုက်နေပါတယ်။ ဘယ်မှမသွားနဲ့။ ဘာမှလဲ မတွေးပါနဲ့။ ဘယ်ဟာရချင်တယ်။ ဘယ်ဟာစားချင်တယ်၊ နိဗ္ဗာန်စသည်နဲ့ ဒါတွေမလာစေနဲ့. . (မှန်ပါ)။ ကိုစောမောင် နိဗ္ဗာန်ဆိုတာတောင် မလာစေနဲ့နော်. . (မှန်ပါ)။ ဦးမူ ရိပ်မိရဲ့လား. . (ရိပ်မိပါတယ်)။ ပြုတ်ကျမှာစိုးလို့နော်. . (မှန်ပါ)။ ပြုတ်ကျမှာစိုးလို့။ နို့မဟုတ်ရင်ဖြင့် ဒါလောက်မပြောပါဘူး ဒကာ ဒကာမတို့။

ကိုင်း ဒါဖြင့် ဖြစ်ပျက်စိပ်နေတယ်ဆိုရင် ဖြစ်ပျက်နဲ့ မဂ်နဲ့သာ အချိန်ရသလောက် ကိုစောမောင် ဘာလုပ်ရမတုံး (ကိုက်အောင်လုပ်ရပါမယ်)။ အချိန်ရသလောက်နေလိုက်ပေါ့ဗျာ (မှန်ပါ)။

## ဘယ်စိတ်မှမဝင်စေနဲ့နော်

ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်နေလို့ရှိရင် အချိန်ရသလောက် (နေရမှာပါ ဘုရား)။ ဘယ်စိတ်မှတော့ မဝင်စေနဲ့နော်. . (မှန်ပါ)။ ရချင်တဲ့စိတ်နဲ့ သောတာပန်တည်တော့မှာပဲ နိဗ္ဗာန်ရတော့

www.dhammadownload.com



မှာပဲ ဒါတွေမလာစေနဲ့။ ဦးမူမလာစေနဲ့. . (မှန်ပါ)။ မလာစေနဲ့ နော် ဒကာ ဒကာမတို့။ ဒီနေရာကလေးဟာ အောက်ပြန်ဆင်း တတ်တဲ့ နေရာကလေးမို့ ကိုစောမောင် သတိထား ပြောနေပါ တယ်. . (မှန်ပါ ဘုရား)။

အောက်ပြန်ဆင်းတတ်တဲ့ နေရာမို့ပြောရတာ။ ဒီထဲမှာ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက အကုန်နည်းယူပြီး အလုပ်လုပ်နေကြတဲ့ ဒကာ ဒကာမတွေဖြစ်လို့ ဩော် ဒီကနေ ပြီး သကာလ ကျွမ်းထိုးမှောက်ခုံ ပြန်ကျလို့ရှိရင် တော်တော်ကြာ ကျတော့ အတက်ခက်နေမှာစိုးလို့ ကိုစောမောင် ဒါလောက် ဂရုစိုက်ပြီး ပြောနေရတယ်. . (မှန်ပါ)။

## ဒီဉာဏ်ရင့်စမ်းပါစေ

ဒါဖြင့် ဘယ်လိုနေရမှာတုံးဆိုတဲ့ စကားကိုပဲ အဖြေ ထွက်ကြပါစို့. . (မှန်ပါ)။ ဒကာ ဒကာမတို့ သူက ဖြစ်ပျက်က ပြတယ်၊ ပြသလောက် ကျုပ်တို့က လိုက်နေဖို့ပဲ. . (မှန်ပါ)။ ဒါကြောင့် ပရိပက္ကာကမေနေဝံ ရင့်ကျက်လာတဲ့ အခါတဲ့. . (မှန်ပါ)။ ဒီဉာဏ်ရင့်ချင်သလောက် ရင့်စမ်းပါစေ၊ ဒီဖြစ် ပျက်တွေမြင်တဲ့ ဉာဏ်ဟာ (မှန်ပါ)။ သဘောကျကြပြီလား. .

www.dhammadownload.com



(ကျပါပြီ)။

ဘယ်လိုနေရမလဲ. . (ရင့်ချင်သလောက် ရင့်စမ်းပါစေ)။ ကိုစံလှ ဒီဥစ္စာ သိပ်အရေးကြီးတယ်နော်။ နာမရူပပရိစ္ဆေဒကျမ်းကလာတဲ့ စကားကို သေသေချာချာပြောနေပါတယ်. . (မှန်ပါ)။

ဒါဖြင့် စတုတ္ထ အဝိဇ္ဇာကွာပြီးတဲ့ ပုဂ္ဂိုလ်များဟာ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်နေပြီဆိုတော့ ရတော့မှာပဲဆိုတဲ့ စိတ်မဝင်ဘဲနဲ့၊ ဘယ်ဟာမှ ကိလေသာ ကြားအထိုးမခံဘဲနဲ့ နေလိုက်စမ်းပါလို့ ပြောတာပါပဲ. . (မှန်ပါ)။ သဘောပါကြပြီလား (ပါပါပြီ)။

ကိလေသာကြားမထိုးစေနဲ့နော်. . (မှန်ပါ)။ အဲဒီတော့ ကြားမထိုးလေလေ ဒီဉာဏ်ဘာဖြစ်လေလေတုံး (ရင့်လေလေပါဘုရား)။ ကိုစောမောင် ရင့်နေပြီနော်။ စတုတ္ထဉာဏ်ရင့်လာပြီနော်. . (မှန်ပါ)။

## အမြင်များလေလေ ဉာဏ်ရင့်လေလေ

အဲ ရင့်လာတဲ့ တစ်နေ့ကျတော့ ခင်ဗျားတို့က ရင့်ချင်လို့ ရင့်ရတာလား၊ အမြင်များလို့ ရင့်တာလား. . (အမြင်များလို့ ရင့်တာပါ)။ ဒါဖြင့် ဧဝံ ဤသို့၊ ကမေန- အစဉ်အတိုင်း၊

www.dhammadownload.com



ပရိပတ္တာ- ရင့်ကျက်လာသည်ရှိသော်တဲ့။ ဒီဉာဏ်ကလေးဟာ အစဉ်အတိုင်းဟာ ရင့်ကျက်လာတာပဲ (မှန်ပါ)။ အမြင်များလေလေ ဘာဖြစ်လေလေလဲ. . (ရင့်လေလေပါ ဘုရား)။

ပရိဘာဝိတ ဘာဝနာပဲ ပွားသာနေပါ။ ဒါဖြစ်ပျက်ပဲ ဒါဖြစ်ပျက်ပဲ၊ ဒါအနိစ္စပဲ ပွားသာနေပါတဲ့ ဘာမှဒို့ပြင် စိတ်မဝင်စေပါနဲ့ ကိုစောမောင်. . (မှန်ပါ)။ ဘာလုပ်နေရမတုံး (ပွားနေရပါမယ်)။

နောက်ကျတော့ ဘယ့်နှယ်ဖြစ်မတုံး မေးဖို့မလိုဘူးလား. . (လိုပါတယ် ဘုရား)။ ဒီဉာဏ်က ဒကာ ဒကာမတို့ ဟောဒါကို စွန့်ပါတယ်. . (မှန်ပါ)။ ဒါ စွန့်တယ်ဆိုတော့ ဒါဟာ ဘာပါလိမ့် ဒကာ ဒကာမတို့ (ဖြစ်ပျက်ပါဘုရား)။

## ဖြစ်ပျက်စွန့်ပြီး နိဗ္ဗာန်ဘက်ပြေးသွားတယ်

စွန့်ပြီးတော့ ပက္ခန္တိ အသင်တေ-ဆိုတော့ သူက ဒီဘက်ပြေးသွားတယ်၊ နိဗ္ဗာန်ဘက်ပြေးသွားတယ်. . (မှန်ပါ)။ ဖြစ်ပျက်စွန့်ပြီး ရင့်တာနဲ့ ဒီဘက်ပြေးသွားတယ်. . (မှန်ပါ)။

မောင်နိုင် ဆုတောင်းလို့ ရတာလား၊ ရင့်တာနဲ့ ဟိုဘက်ပြေးတာလား. . (ရင့်တာနဲ့ ဟိုဘက်ပြေးတာပါ)။ ရှုလို့ရင့်တာ

www.dhammadownload.com



နဲ့ပဲ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ဘက် ပြေးသွားတယ် (မှန်ပါ)။ သဘောပါကြပြီလား. . (ပါပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ရင့်ဖို့ရာ အရေးဟာ ကျုပ်တို့ အရေး. . (မှန်ပါ)။ နိဗ္ဗာန်ရဖို့ အရေးဟာက သူရင့်ရင် သူ့ဟာ သူ ကူးလိမ့်မယ်. . (မှန်ပါ)။ သဘောပါကြပြီလား (ပါပါပြီ)။

## သူ့ဟာသူ ကူးလိမ့်မယ်

သူရင့်ရင်. . (သူ့ဟာသူ ကူးမှာပါ)။ သူ့ဟာသူ ကူးလိမ့်မယ်ဆိုတာ အလုပ်သမားတွေ အတွက်မှာဖြင့် အထူးအရေး တကြီး မှတ်လိုက်စမ်းပါ. . (မှန်ပါ)။ သဘောပါကြပြီလား. . (ပါပါပြီ)။

ရင့်ဖို့ရာကဖြင့် ကျုပ်တို့တာဝန်. . (မှန်ပါ)။ နိဗ္ဗာန်ရဖို့ ရာကတော့ နိဗ္ဗာန်ဘက်ကူးဖို့ရာတော့ ဉာဏ်၏ တာဝန်. . (မှန်ပါ)။ ဒီဉာဏ်ကပဲ ဒကာ ဒကာမတို့ နိဗ္ဗာန်ဘက်ကို ကူးသွား မှာပဲ. . (မှန်ပါ)။

ဖြစ်ပျက်ဆုံးပြီးတော့ ဘယ်ဘက်ကူးသွားမလဲ. . (နိဗ္ဗာန်ဘက်ကူးသွားပါမယ်)။ အဲ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်။ တေသံ ဝူပ သမော သုခေါ ဖြစ်ပျက်မရှိတဲ့ ချမ်းသာတဲ့ဘက်သို့ ဒီဉာဏ်

www.dhammadownload.com



ဟာ ကူးပါလိမ့်မယ်. . (မှန်ပါ)။ ဒါဖြင့် သူဘယ်အချိန်ကျမှ ကူးမှာတုံးဆိုတော့ သူ့ဟာသူရင့်မှ သူကူးမယ်. . (မှန်ပါ)။ ဒီဉာဏ်က ဖြစ်ပျက်ကို အမြင်များလို့ အမြင်ရင့်ပါမှ ဖြစ်ပျက်မရှိတဲ့ဘက်ကူးမယ်. . (မှန်ပါ)။ နာမရူပ ပရိစ္ဆေဒအဋ္ဌကထာမှာလာတာ မောင်နိုင် သဘောကျပြီလား. . (ကျပါပြီ)။

ဒကာ ဒကာမတွေဖြစ်ပျက်မြင်တဲ့ ဉာဏ်ရင့်ပါမှ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို. . (ကူးမှာပါ ဘုရား)။

အဲဒါနောက်က ဒကာ ဒကာမတွေ သာမညနားနဲ့ ယနေ့မထောင်ပါနဲ့ အင်မတန်အရေးကြီးတယ်. . (မှန်ပါ)။ နားလည်ကြရဲ့လား. . (နားလည်ပါတယ် ဘုရား)။

ဒီနေ့စကားပြောတာ အင်မတန် များသွားပြီနော် ကိုစောမောင်. . (မှန်ပါ)။ ပြီးတော့လဲ အချက်အလက် ပွိုင့်ကလေးတွေချည့် ပြောနေတယ်ဆိုတာကိုလဲ သတိထားပါ။ ဖြစ်ပျက်တွေမြင်လို့ အမြင်စိပ်နေပြီဆိုလို့ရှိရင်ဖြင့် ငါစိပ်နေပြီဆိုတာလဲ မလာစေနဲ့ ငါနိုးပြီဆိုတာကော. . (မလာစေနဲ့) လာရင် စတုတ္ထအဝိဇ္ဇာ ပြန်အုပ်လိမ့်အုံးမယ်. . (မှန်ပါ)။ စတုတ္ထအဝိဇ္ဇာ ပြန်အုပ်သွားတဲ့အတွက် တတိယပြန်စရမယ်။ ပဋိစ္စသမုပ္ပါဒ်ပြန်ကောက်ရမယ်. . (မှန်ပါ)။ မကောက်ရပေဘူးလား. . (ကောက်ရပါတယ်)။ ဒါအလုပ်ကြီးလုပ်လာပြီးမှ အောက်ပြန်

www.dhammadownload.com



ဆင်းရတဲ့ဖြစ်တွေဟာ တယ်နာပါတယ်. . (နာပါတယ် ဘုရား)။ မနာဘူးလား ဒကာ ဒကာမတို့. . (နာပါတယ်ဘုရား)။

## ဖြစ်ပျက်နဲ့မဂ်နဲ့သာ ကိုက်နေပါစေ

ဒါဖြင့် တပည့်တော်တို့ဘုရားလုပ်နည်း ကျကျနနပြော ပါဆိုတော့မှ နာမရူပ ပရိစ္ဆေဒ အဋ္ဌကထာလာတာကို မှတ်ထား ကြဖို့ ပြောပါတယ်. . (မှန်ပါ)။ ပရိပုတ္တာ ကမေနေဝံ-တဲ့ အစဉ် အတိုင်းသာ ဉာဏ်ရင့်ကျက်စမ်းပါစေ. . (မှန်ပါ)။ လိုချင် ရချင် စေတဲ့ နိကန္တိပယောဂတွေ ဝင်ပြီး မရှုပ်ပါစေနဲ့။ ဒီဖြစ်ပျက်နဲ့ မဂ်နဲ့ပဲ ရင့်ကျက်နေပါစေတဲ့. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။ ရင့်ကျက်ပါစေဆိုတော့ စာသံပါနေတယ် ရှေးသံပါ နေတယ်။ ဖြစ်ပျက်နဲ့ မဂ်နဲ့သာ အများကြီး ကိုက်နေပေစေ. . (မှန်ပါ)။ သဘောပါပြီလား (ပါပါပြီ)။

## သူ့ဟာသူ နိဗ္ဗာန်ဘက် ကူးပါတယ်

ဘာနဲ့ဘာကိုက်နေရမလဲ. . . (ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက် နေစေရပါမယ်)။ အများကြီးကိုက်နေပြီး ကြားဘာမှ မခိုလို့ ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဒီကဖြစ်ပျက်ကိုမြင်ရတာ အစွမ်း

www.dhammadownload.com



ကုန်ရင့်တဲ့ တစ်နေ့ သူ့ဟာသူ နိဗ္ဗာန်ဘက် ကူးပါတယ်. . (မှန်ပါ)။ သဘောကျပြီလား (ကျပါပြီ)။

## ဘာရင့်မှကူးမှာလဲ

ဒီဉာဏ်သည် ရှုနေတဲ့ဉာဏ်သည် သူ့ဟာသူကူးသွားမယ်. . (မှန်ပါ)။ ဘာရင့်မှကူးမလဲဆိုလို့ရှိရင် ဖြစ်ပျက်မြင်မှု ရင့်ကျက်မှ ဖြစ်ပျက်မမြင်တဲ့ဘက် ကူးမယ်. . (မှန်ပါ) ကိုယ့်ဟာကိုယ်ကူးချင်လို့တော့. . (မရပါဘူး)။

ဒါကြောင့် ဘုန်းကြီးက သတိပေးလိုက်တယ် ဒကာဒကာမတို့၊ ကိုယ်ရချင်လို့မရဘူး၊ ရချင်ရင်တော့ဖြင့် ကျွမ်းထိုးမှောက်ခုံ အောက်ကျသွားလိမ့်မယ်. . (မှန်ပါ)။ ဘယ်လောက်ထိအောင် ကျမှာတုံးဆိုရင်ဖြင့် ၅-ရောက်ရမှာ ကပ်နေမှ ၃-သို့ ပြန်ဆင်းသွားမယ်. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။

၅-ရောက်မှာ မသေချာဘူးလား. . (သေချာပါတယ်)။ သေချာမှ ဘယ်ပြန်ဆင်းသတုံး. . (၃-ပြန်ဆင်းပါတယ်)။ အဲ ၃-ပြန်ဆင်းသွားတဲ့ ပုဂ္ဂိုလ်များမှာ ၃-ကို ပြန်လိုက်ရတော့မယ် ပြန်လုပ်ရတော့မယ်ဆိုတာလဲ ဘုန်းကြီးစောစောက ပြောခဲ့ပါ

www.dhammadownload.com



တယ်. . (မှန်ပါ)။ မပြောခဲ့ဘူးလား. . (ပြောခဲ့ပါတယ်)။

ကိုင်း ဒါတွေ သေသေချာချာသိတော့မှ ဒကာ ဒကာမ တို့ ၄-နံပါတ်လောက် အရေးကြီးတာများ ရှိသေးရဲ့လား. . (မရှိပါဘူး)။

## ဒုက္ခအမြင်များမှ ဉာဏ်လာတယ်

အားလုံးတရားတစ်ပွဲလုံး ဒကာ ဒကာမတို့ ခဲခဲယဉ်း ယဉ်းနဲ့ လာခဲ့ကြရတာ မိုးလေဝသနဲ့ လမ်းပန်းနဲ့ အမျိုးမျိုး အဖုံဖုံ ဒုက္ခတွေ ခံပြီးလာခဲ့ရတာ။ ဒီဒုက္ခသိမ်းချင်လို့ ဒုက္ခ သိမ်းနည်းကို လာရှာကြတာ. . (မှန်ပါ)။ ဒုက္ခသိမ်းနည်း လာရှာတဲ့အခါကျ လို့ရှိရင်ဖြင့် ဒုက္ခအမြင်များမှ ဒကာ ဒကာမတို့ ဒုက္ခ သိမ်းချင်တဲ့ ဉာဏ်ဟာ လာတယ် (မှန်ပါ)။ ဒုက္ခအမြင်မများရင်. . (ဒုက္ခ သိမ်းချင်တဲ့ ဉာဏ်မလာပါဘူး ဘုရား)။

ကျုပ်ဖြင့် ဒုက္ခမျိုးစုံပြီ၊ ဒုက္ခဖြင့် ကြောက်ပါပေါ့ဆိုတော့ ဒုက္ခမလိုချင်တော့ဘူး ပြောလိုက်တာ. . (မှန်ပါ)။ သဘောကျ ပြီလား. . (ကျပါပြီ)။

www.dhammadownload.com



## ဝိပဿနာဉာဏ် ရင့်ကျက်ဖို့လိုတယ်

ဒီမှာလဲ ဖြစ်ပျက်အမြင်များလေလေ ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်က ရင့်ကျက်လေလေပဲ. . (မှန်ပါ)။ ရှင်းပြီလား (ရှင်းပါပြီ)။

ဖြစ်ပျက်အမြင်များလေလေ (ဝိပဿနာဉာဏ် ရင့်ကျက်လေလေပါ ဘုရား)။

အဲဒီတော့ သူရင့်ကျက်ဖို့ရာအလုပ်ကို ကျုပ်တို့ ဂရုစိုက်နေရမယ်. . (မှန်ပါ)။ နိဗ္ဗာန်ရောက်တဲ့ မဂ်ရဖို့ကို ကျုပ်တို့က ကြောင့်ကြစိုက်နေဖို့မလိုလှပါ၊ ဖြစ်ပျက်ဉာဏ်ရင့်ဖို့ကိုသာ ဂရုစိုက်နေရမယ်. . (မှန်ပါ)။

## ဓါးသာသွေးနေပါ

ဓားသွေးတာဟာ ကျုပ်တို့သွေးနေဖို့ပဲရှိတယ်။ ထက်မြက်လာဖို့က သူ့တာဝန်ပါ. . (မှန်ပါ)။ ကျုပ်တို့က ရေနဲ့ ကျောက်နဲ့ ဓားကိုကိုင်ပြီး သွေးနေဖို့ပဲ ရှိတယ်။ ထက်ပါစေလို့ သွားပြီး ဆုတောင်းနေစရာ မလိုပါဘူး. . (မှန်ပါ)။ သွေးမြဲတိုင်းသာ ဂရုစိုက်သွေးနေပါ၊ သူဟာသူထက်ပါလိမ့်မယ်. . (မှန်ပါ)။ သဘောကျပြီလား (ကျပါပြီ)။

www.dhammadownload.com



ဒါဖြင့် ဒကာ ဒကာမတို့ ခေါးကိုထက်ပါစေလို့ ကြားဝင်လိုက်လို့ရှိရင် ခေါးနဲ့ထက်ပါစေနဲ့ ဘာဆိုင်တာမှတ်လို့. . (မဆိုင်ပါဘူး ဘုရား)။ သွေးမှုနဲ့သာဆိုင်တယ် (မှန်ပါ)။ ထက်ပါစေဆိုတဲ့ စိတ်ထားအာသီသနဲ့ ဘာဆိုင်သတုံး. . (ဘာမှမဆိုင်ပါဘူး)။ အားထုတ်မှုနဲ့တော့. . (ဆိုင်ပါတယ် ဘုရား)။

အဲ နိဗ္ဗာန်ဆိုတာလဲ ဒကာ ဒကာမတို့ ဆုတောင်းရုံတောင်းနေတာနဲ့တော့ သိပ်မဆိုင်လှသေးဘူး. . (မှန်ပါ)။ တကယ်တမ်းအားထုတ်မှုနဲ့ သွားဆိုင်တယ်. . (မှန်ပါ)။ ပေါ်ပြီလား. . (ပေါ်ပါပြီ)။

## ဝါးနှစ်လုံးသာ ပွတ်ပေးပါ

အဲဒါကြောင့် နာမရူပ ပရိစ္ဆေဒကျမ်းမှာ လာပြန်တယ်နော်။ ဘယ်လိုလာပြန်လဲဆိုတာတော့ ဝါးနှစ်လုံး ပွတ်တာပေါ့၊ မီးထွက်ပါစေ ဆုတောင်းနေလို့တော့ မရဘူး၊ ပွတ်တဲ့လုံ့လ ဝီရိယသာ မလျှော့ဖို့ အရေးကြီးတယ်တဲ့ (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။

ပွတ်တဲ့ လုံ့လဝီရိယသာ မလျှော့တမ်းနဲ့ ထုံးစံအတိုင်း ပွတ်ပွတ်ပြီးနေတော့ ပွတ်လေပူလေလေ၊ ပူလေလေ မီးထွက်က

www.dhammadownload.com



ဘယ့်နှယ်တုံး (နီးလေလေပါ ဘုရား)။ ကိုင်းဒါဖြင့် မီးထွက်လောက်အောင် ပူလို့ရှိရင်ဖြင့် မီးမထွက်ပါနဲ့ဆိုလို့ကော. . (မရပါဘူး)။

ဒီမှာလဲ ဒကာ ဒကာမတို့ နိဗ္ဗာန်မြင်လောက်အောင် ဖြစ်ပျက်ရင့်လို့ရှိရင် နိဗ္ဗာန်ဘက်ကူးမယ်. (မှန်ပါ)။ နိဗ္ဗာန်မြင်လောက်အောင် မရင့်သေးရင်. . (မကူးပါဘူး)။

## အပါယ်လေးပါးပြတ်အောင် ဟောနေတာ

တော်တော်ရှင်းပြီ။ ဒကာ ဒကာမတို့ တော်တော်ရှင်းရဲ့လား. . (ရှင်းပါတယ်)။ အလုပ်သမားအတွက် ဟောနေတယ် ဒကာ ဒကာမတို့၊ သံသရာထဲ ကောင်းအောင် ဟောနေတာ မဟုတ်ဘူး၊ အပါယ်လေးပါးနဲ့ သေခန်းရှင်ခန်းပြတ်အောင် ဟောနေတာ. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီဘုရား)။

ဒါဖြင့် ဝါးနှစ်လုံးပွတ်နေတဲ့ ပုဂ္ဂိုလ်ဟာ မီးထွက်ဖို့ရာ ကိုယ့်တာဝန်လား. . ပွတ်တာက ကိုယ့်တာဝန်လား. . (ပွတ်တာက ကိုယ့်တာဝန်ပါ)။ မီးကတော့ဖြင့် ပွတ်တဲ့ ပုဂ္ဂိုလ်၏ လုံ့လပယောဂအားကောင်းရင် ကောင်းသလောက် မြန်မြန်ထွက်မယ်

www.dhammadownload.com



(မှန်ပါ)။ ကိုယ့်တာဝန်က မီးထွက်ပါစေလို့ ဆုတောင်းနေရုံနဲ့ တော့ ထွက်မယ်မဟုတ်ဘူး. . (မှန်ပါ)။ ကိုယ့်တာဝန်က ပွတ်ဖို့အလုပ်သည်. . (ကိုယ့်တာဝန်ပါ)။ ရှင်းပြီလား (မှန်ပါ)။

ဒီမှာလဲ ဝိပဿနာဖြစ်ပျက်ကို ကိုယ့်ဟာကိုယ် ခင်ဗျားတို့က နီးပြီထင်ပါရဲ့၊ ရလုပြီထင်ပါရဲ့ ဒါတွေဟာ ကိုယ့်တာဝန် မဟုတ်ဘူး. . (မှန်ပါ)။ ရှင်းပြီနော် (မှန်ပါ)။

## ကိုယ့်တာဝန်ကဘာပါလိမ့်

ကောင်းပြီတဲ့၊ ဒါဖြင့် ကိုယ့်တာဝန်က ဘာပါလိမ့်မတုံး ဆိုတော့ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်နေဖို့ရာ ကိုယ့်တာဝန် (မှန်ပါ)။ မောင်နိုင် ရှင်းပြီလား. . (ရှင်းပါပြီ)။

နောက် ဒကာ ဒကာမတွေ ကိုယ့်တာဝန်က ဘာပါလိမ့် (ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်နေဖို့ရာ ကိုယ့်တာဝန်ပါ)။ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်နေဖို့ရာ ကိုယ့်တာဝန်. . (မှန်ပါ)။

ဒကာ ဒကာမတို့ ကိုက်ပါများရင် ရှုတဲ့ဉာဏ် ဘာဖြစ်မယ်ထင်သတုံး. . (ရင့်ကျက်လာပါတယ်)။ ရင့်ကျက်လာလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မဂ်ဉာဏ်တည်းဟူသော တရားထွက်လာရမယ်. . (မှန်ပါ)။ နိဗ္ဗာန်တည်းဟူသော မီးဟာ

www.dhammadownload.com



ကော. . (ထွက်ရပါမယ်)။ အဲဒါ ကိုယ်ကထွက်စေချင်လို့လား၊ ရင့်ကျက်လို့ဖြစ်လာတာလား. . (ရင့်ကျက်လို့ ဖြစ်လာတာပါ)။

## ဘယ်အချိန်ရင့်မှာတုံး

ဒါဖြင့် ဘယ်အချိန်ရင့်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ရှုနေတဲ့ ဉာဏ်ကလေးဟာ ဒကာ ဒကာမတို့ ဟောဒီ ဖြစ်ပျက်ကို ရှောင်ပြီး သကာလ ဖြစ်ပျက်ရှာမတွေ့ဘဲနဲ့ ဒီ နိဗ္ဗာန်ဘက်တည့်သွားလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ရင့်လို့ကူးတာပဲ. . (မှန်ပါ)။ မရင့်သေးတဲ့ ပုဂ္ဂိုလ်. . (မကူးသေးပါဘူး)။

မကူးသေးဘူးဆိုသဖြင့် ဩော် ဒကာ ဒကာမတို့ ပဋ္ဌမအဝိဇ္ဇာဟာ ရင့်မှကွာတယ်၊ ကွာမှကူးတယ်. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။

ပဋ္ဌမအဝိဇ္ဇာဟာ. . (ရင့်မှကွာပါတယ်)။ ရင့်မှ ကွာတယ်၊ ကွာမှ ဘာတုံး. . (ကူးပါတယ် ဘုရား)။ အဲ ဖြစ်ပျက်ဘက်ကနေပြီး ဖြစ်ပျက်မရှိတဲ့ဘက် ကူးသွားတယ်. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ပရိပက္ကာက မေနေဝ၊ ပရိဘာဝိတ ဘာဝနာ။ ပရိစ္စဇန္တိသင်္ခါရေ. . ဆိုတော့ ဒါက သင်္ခါရ

www.dhammadownload.com



တရား။ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်ဟာ သင်္ခါရတရားချည့်မှတ်. . (မှန်ပါ)။ အဲဒါ စွန့်သွားတယ်. . (မှန်ပါ)။

## ပွတ်စရာတန်းကုန်မှ မီးထွက်တာ

မောင်နိုင် ဘယ်သူကစွန့်သတုံး (ဉာဏ်ကစွန့်ပါတယ်)။ အဲဒီဉာဏ်က စွန့်သွားပြီတဲ့ ဖြစ်ပျက်ကို သူမလှည့်တော့ဘူး. . (မှန်ပါ)။ ဘယ်ဘက်ပြေးသွားပါလိမ့် (နိဗ္ဗာန်ဘက်ပြေးသွားပါတယ်ဘုရား)။ ဖြစ်ပျက်မရှိတဲ့ဘက်ကို ပြေးသွားတယ်၊ သဘောကျပြီလား. . (ကျပါပြီ ဘုရား)။

ဖြစ်ပျက်မရှိတဲ့ဘက် သူပြေးသွားတာက ဘာဖြစ်လို့ပြေးသွားပါလိမ့်မတုံးဆိုတော့ ပွတ်စရာတန်းကုန်လို့ မီးထွက်တာ. . (မှန်ပါ)။ သဘောပါကြပြီလား. . (ပါပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ မီးထွက်ရန် ကိုယ့်အရေးမဟုတ်။ ပွတ်စရာတန်းကုန်အောင်သာ. . (ကိုယ့်အရေးပါဘုရား)။

ဒါဖြင့် ကိုယ့်အရေး သူ့အရေးဆိုတာ နှစ်ရေးရှိပါတယ်. . (မှန်ပါ)။ ကိုယ့်အရေးက ၄-နံပါတ် အဝိဇ္ဇာ ရှင်းရှင်းကြီးကွာဖို့ ဖြစ်ပျက်တွေ စိပ်ဖို့ပဲ အရေးကြီးတယ်. . (မှန်ပါ)။

www.dhammadownload.com



## ကိုယ့်အရေးကဘာပါလိမ့်

ကိုယ့်အရေးကဘာပါလိမ့်. . (ဖြစ်ပျက်စိပ်ဖို့ အရေးပါ)။ ဖြစ်ပျက်စိပ်ဖို့ပဲ။ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဖို့ပဲ. . (မှန်ပါ)။ ကိုက်နေလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဘယ်စိတ်မှ ကြားမခိုစေနဲ့နော်. . (မှန်ပါ)။ ဘယ်စိတ်မှ ကြားမခိုဘဲနေလို့ ဖြစ်ပျက်မြင်ရတာဖြင့် တန်းကုန်ပြီး ရင့်နိုင်သမျှ ရင့်ပြီဆိုလို့ရှိရင့်ဖြင့် ဒီဉာဏ်ဟာ ဖြစ်ပျက်ဘက် မလှည့်တော့ဘူး၊ ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်. . (မှန်ပါ)။ ရှုနေတဲ့ဉာဏ်နော်. . (မှန်ပါ)။ နဂိုက သူဖြစ်ပျက်ရှိနေတဲ့ဘက်လှည့်တယ်။ ဉာဏ်ရင့်လာတော့ ဘယ်ဘက်လှည့်သတုံး. . (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ် ဘုရား)။

## ဉာဏ်ရင့်လို့ ဉာဏ်ကလှည့်သွားတာ

ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်ဆိုတော့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်မရှိလို့ သူလှည့်ရတာလားလို့ မေးတဲ့အခါကျတော့ မဟုတ်ပါဘူးတဲ့၊ ဉာဏ်ရင့်လို့လှည့်တာ ခန္ဓာကိုယ်ရှိနေရင်တော့ သင်္ခါရ သင်္ခါရာ အနိစ္စာရှိတာပဲ. . (မှန်ပါ)။ သို့သော် ဉာဏ်ကိုက လှည့်သွားတာ. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်း

www.dhammadownload.com



သွားပါပြီဘုရား)။

ဘယ်သူကလှည့်သွားတာတုံး. .(ဉာဏ်ကလှည့်သွားတာပါ)။ ဘယ့်နှယ်ကြောင့် ဒီဉာဏ်လှည့်ပါလိမ့်မတုံးဆိုတော့ အရင့်ဆုံးရင့်လို့ မီးထွက်တာ (မှန်ပါ)။

## မီးထွက်အောင်ပူလို့ မီးထွက်တာ

ဘယ်လိုမှတ်ကြမယ်. . (အရင့်ဆုံးရင့်တာနဲ့ မီးထွက်တာပါ)။ ပွတ်နိုင်သရွေ့ ပွတ်တာနဲ့ မီးထွက်အောင်ပူလို့ မီးထွက်တာ. . (မှန်ပါ)။ မီးမထွက်လောက်အောင် ပူနေရုံဆိုရင် မီးကို မထွက်သေးဘူး။ ပူတာပဲ ရှိတယ်။ သဘောပါကြပြီလား. . (ပါပါပြီ ဘုရား)။

ဒါဖြင့် မီးထွက်လောက်အောင်ပူတဲ့ အပူ၊ မီးမထွက်သေးတဲ့ အပူရယ်လို့ ဝါးမှာနှစ်မျိုးရှိတယ်၊ ဝါးနှစ်လုံးပွတ်တဲ့အခါမှာ. . (မှန်ပါ)။ မီးမထွက်တဲ့အပူသည် ပူသာနေတာပဲ ဒကာ ဒကာမတို့ မီးထွက်လောက်အောင် မပူသေးလို့ဘဲ. . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါပြီ)။

ဒီမှာလဲ ဖြစ်ပျက်တွေ မြင်တော့မြင်နေသေးတာပဲ၊ ဘာများဖြစ်လို့ မရသေးပါလိမ့်ဆိုတော့ ဘာမှမဖြစ်ဘူး ဒကာ

www.dhammadownload.com



ဒကာမတို့ မီးထွက်လောက်အောင် မပူသေးလို့ဘဲ (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်. . (မီးထွက်လောက်အောင် မပူသေးလို့ပါ ဘုရား)။

မီးထွက်လောက်အောင် မပူသေးသလိုဘဲ ဒီမှာလဲ ဟိုဘက်ကူးလောက်အောင် မရင့်သေးဘူး. . (မှန်ပါ)။ နိဗ္ဗာန်ဘက်ကူးလောက်အောင် မရင့်သေးလို့ မကူးတာကို ခင်ဗျားတို့ဆက်သာရှု. . (မှန်ပါ)။ သဘောကျကြပြီလား. . (ကျပါပြီဘုရား)။

## ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်

ခင်ဗျားတို့အလုပ်က ဆက်ရှုနေတဲ့အလုပ်သည် ရင့်မှုကိုခင်ဗျားတို့ကြိုးစားနေပါတယ်. . (မှန်ပါ)။ ရင့်လာတဲ့အခါကျတော့ ခင်ဗျားတို့က ဘာမှ ပယောဂ မစိုက်ပါနဲ့၊ သူ့ဟာသူ ကူးပါတယ်. . (မှန်ပါ)။ ဘယ်ဘက်ကူးသွားသတုံး. . (နိဗ္ဗာန်ဘက်ကူးပါတယ်)။ ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်ဘက် မကူးပေဘူးလား. . (ကူးပါတယ်)။

www.dhammadownload.com



## အလုပ်မှီပြီး နိဗ္ဗာန်တွေ့ရတာ

ဩော် ဒါဖြင့် နိဗ္ဗာန်ရ၊ နိဗ္ဗာန်မြင်ရ၊ နိဗ္ဗာန်ကို တွေ့ရတယ်ဆိုတဲ့ ဥစ္စာသည် ဒကာ ဒကာမတို့ အလုပ်ကို မှီပြီး တွေ့ရတာပါကလား. . (မှန်ပါ)။

ဘယ့်နှယ်တုံး ဒကာ ဒကာမတို့. . (အလုပ်မှီပြီး တွေ့ရတာပါ ဘုရား)။ ဒကာ ဒကာမတို့ အလုပ်ရင့်မှုပေါ်မှာမှီပြီး ကူးတာ. . (မှန်ပါ)။ အလုပ်မရင့်ရင် မကူးဘူး. . (မှန်ပါ)။ အလုပ်ရင့်ရင်. . (ကူးပါတယ်)။

အဲဒီလို တစ်ခါကူးပြီးပြန်တော့လဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အထူးပဲ သတိပေးပါတယ်. . (မှန်ပါ)။ ကူးပြီးတဲ့ ပုဂ္ဂိုလ်ကျပြန်တော့လဲ ခင်ဗျားတို့ ဘာမှပူစရာမရှိတော့ဘူး၊ ဖြစ်ပျက်ကိုသာ ဆက်လက်ရှုလိုက်။ တစ်ချီဉာဏ်ထက်သူများ ဖြစ်ပျက်ကလေးတွေ့တယ်ဆိုရုံနဲ့ ကူးသွားတာပဲ. . (မှန်ပါ) ရင့်ပြီးသားဖြစ်နေတယ်. . (မှန်ပါ)။

အဲဒီကျတော့ ရင့်ပြီးသားဖြစ်နေလို့ ဒကာ ဒကာမတို့ သိပ်ပြီး အားစိုက်ရသေးလား. . (မစိုက်ရပါဘူး)။

ဒါကတော့ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ အရှိန်ရအောင် ပူပြီးသားမီးက ကိုစောမောင် ဘယ်အခါမဆို မီးတောက်ထွက်နေမှာပဲ. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါပြီ)။

www.dhammadownload.com



## အရှိန်ရအောင်ပူပြီးသားမီးတွေ

အရှိန်ရအောင် ပူပြီးသားမီးကတော့. . (ဘယ်အခါမဆို မီးတောက်ထွက်ရမှာပဲ)။ ဘယ်အခါမဆို မီးတောက်ထွက်ရမယ်ဆိုတဲ့အသွားပေါ့ဗျာ. . (မှန်ပါ)။ ဒိဋ္ဌိ ဝိစိကိစ္ဆာကို အမြဲတမ်း ပယ်ပြီးသားဖြစ်သွားပြီ။ တစ်ခါကူးပြီးတဲ့ ပုဂ္ဂိုလ်ဟာ ၄-ပိုင်း ၁ပိုင်း အဝိဇ္ဇာကော. . (ပယ်ပြီးသားပါ)။ တဏှာကော (၄-ပိုင်း ၁ပိုင်း ပယ်ပြီးသားပါ)။ အဲဒီတော့ သူ့မှာတော့ တာရှည်အုံးမှာလား. . ဖြစ်ပျက် မြင်လိုက်၊ ကူးလိုက် ဖြစ်ပျက် မြင်လိုက် ကူးလိုက် ဒီလိုချည့် မနေပေဘူးလား. . (နေပါတယ်)။

အဲဒါကျတော့ မဂ်ရပြီးသား ဉာဏ်နဲ့လုပ်နေတယ်ဆိုတာကော ရှင်းပြီးလား. . (ရှင်းပါပြီ)။

ဒါဖြင့် ယနေ့တရားမှာ ဒကာ ဒကာမတို့ တော်တော်ရှင်းရဲ့လား. . (ရှင်းပါတယ်)။ အလုပ်စဉ်ရှင်းရဲ့လား (ရှင်းပါတယ်)။

ကဲ အလုပ်စဉ်ရှင်းရင် မနက်ဖြန်မှ ဆက်ကြစို့ တော်ကြအုံးစို့. . ။

သာဓု . . သာဓု . . သာဓု။

www.dhammadownload.com


မိုးကုတ်ဆရာတော်ဘုရား၏

ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏

မူပိုင်ဖြစ်သည်

**မည်သူမျှ ကူးယူထုတ်ဝေခွင့်မပြုရ။**

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် - - - - - - - | ၁၀၀/၂၀၀၁ (၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် - - - - | ၁၄၁/၂၀၀၁ (၃) |
| ပုံနှိပ်ခြင်း - - - - - - - - - - - - - - | ပထမအကြိမ် |
| စောင်ရေ - - - - - - - - - - - - - | ၃၀၀၀ |
| ထုတ်ဝေသည့်ကာလ - - - - - - - | ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - - - | ဦးတိုးဝင်း (မြဲ - ၀၂၄၃၁)<br>(နေလရောင်အော့ဖ်ဆက်)<br>အမှတ် (၉၆/ခ)၊ (၁၁)လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ - - - - - - - - - - - - | ဦးအောင်ချို (မြဲ - ၀၈၃၁)<br>မိုးကုတ်ဝိပဿနာအဖွဲ့<br>(၈၂)၊ နတ်မောက်လမ်း၊<br>ဗဟန်း၊ ရန်ကုန်မြို့။ |